မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန်အလွန် မြင်နိုင်ခဲသော၊ အလွန်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၀၀၃)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား၊ ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက် ဩဝါဒအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဥရွေဝါခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်ဩဝါဒအမှာစကား ပြောကြားသည်။

ဩဝါဒခံယူပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးဝင်းမော်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(၅)နှစ်သင်တန်းအမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဩဝါဒအမှာစကား ပြောကြားသည်။ **(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဩဝါဒအမှာစကားကို စာမျက်နှာ ၄၊ ၅ တို့တွင် သီးခြားဖော်ပြထားပါသည်။)**

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသားကျောင်းသူများကိုယ်စား ကရင်ပြည်နယ် *စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဩဝါဒအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

မြန်မာ့အလင်းသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။



မြန်မာ့အလင်း

ကမ္ဘာ့အလယ်တင့်တယ်သည့် နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်နိုင်မည့် အင်အားများ

ကမ္ဘာကြီးက အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည်။ အတိတ်ကာလက အိပ်မောကျနေခဲ့ဖူးသည့် အာရှတိုက်ကြီးသည်ပင် မျက်မှောက်ကာလတွင် တိုးတက်ဖွံ့ဖြိုးမှုတို့၏ အချက်အချာနေရာကို ပြန်လည်ရောက်ရှိလာနေသည်။ ၁၈ ရာစုနှင့် ၁၉ ရာစု အတွင်း ဥရောပနှင့် မြောက်အမေရိကတို့တွင် စတင်ခဲ့သည့် စက်မှုတော်လှန်ရေးကြီး၏ နောက်တွင် ကမ္ဘာတစ်ခွင် ပြောင်းလဲမှုများမှာ တစ်စတစ်စ အရှိန်အဟုန်မြန်လာခဲ့ပြီး တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်ထွန်းကားလာသည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများကို ဗဟျှင်းမြင့်လာသည့် စက်မှုတော်လှန်ရေးများအဖြစ် တင်စားခဲ့ရာတွင် ယခုခေတ်သည် စတုတ္ထစက်မှုတော်လှန်ရေးခေတ်ဖြစ်သည်။ စတုတ္ထစက်မှုတော်လှန်ရေးက မှတ်ဉာဏ်တု (artificial intelligence) နည်းပညာ၊ နာနိုနည်းပညာ၊ ရုပ်လုံးဖော်ပုံနှိပ်နည်းပညာ၊ ပဉ္စမမျိုးဆက် မိုဘိုင်း ကွန်ရက်နည်းပညာ၊ စက်ရုပ်နည်းပညာများအပါအဝင် အဆန်းတကြယ်နည်းပညာများက ရလဒ်များအဖြစ် ပေါ်ထွက်လာမည်ဖြစ်သည်။ ပထမ စက်မှုတော်လှန်ရေးနှင့် ဒုတိယစက်မှုတော်လှန်ရေးတို့တွင် နောက်ကျကျန်ခဲ့သည့် အာရှသည် တတိယစက်မှုတော်လှန်ရေးနှင့် စတုတ္ထစက်မှုတော်လှန်ရေးတို့တွင် နောက်ကျမကျန်တော့။ အေအိုင်ဟု အတိုကောက် ခေါ်ဝေါ်ကြသည့် မှတ်ဉာဏ်တုနည်းပညာတွင်မူ ရှေ့တန်းသို့ပင် ရောက်နေပြီဖြစ်သည်။

ကမ္ဘာလုံးချီပြောင်းလဲနေသည့် ခေတ်တွင် မိမိတို့နိုင်ငံ အနေဖြင့်မူ ပဋိပက္ခများ ပြေလည်ငြိမ်းချမ်းရေး၊ အထင်အမြင်လွဲမှား စိတ်ဝမ်းကွဲပြားမှုများကို သံသယဖယ်ရှားပြန်လည်ရင်ကြားစေ့နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းစဉ်များကို စိန်ခေါ်မှုများကြားမှ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအမြစ်များတွင် အဓိကအကျဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဝေးလံသည့် နယ်စပ်ဒေသများပါမကျန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသမှ တိုင်းရင်းသားများ အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို အခမဲ့သင်ကြားနိုင်သည့် အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုင်းရင်းသားလူငယ်များအတွင်း အခြေတည်ဖြစ်ပေါ်လာသည်။ နိုင်ငံတော်၏ရည်ရွယ်ချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး ယင်းအချက်များသည် ပြည်ထောင်စုနိုင်ငံဖြစ်သော မိမိတို့နိုင်ငံအဖို့ အသက်တမျှအရေးပါသော အချက်များဖြစ်သည်။

"ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲ ရပ်တည်နိုင်ဖို့ဆိုရင် သားတို့ သမီးတို့အပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံးက စိတ်ဓာတ်အင်အား၊ ညီညွတ်မှုအင်အား၊ ဉာဏ်ပညာအင်အားတွေနဲ့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သားတို့ သမီးတို့အနေနဲ့ မိမိတို့တာဝန်ကျရာဒေသတွေမှာ ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေဖြစ်လာရအောင် ပညာသင်ကြားပေးရေးတာဝန်တွေသာမက နိုင်ငံတော်တည်ဆောက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ ကိုလည်း အထူးမှာကြားလိုပါတယ်" ဟူ၍ နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ ဩဝါဒအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတ၏ ဩဝါဒအမှာစကားပါ အချက်များအားလုံးမှာ လုပ်ငန်းခွင်ဝင်ရောက်သွားကြရာတွင်လည်း အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းလမ်းညွှန်များပင်ဖြစ်သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ဆရာ၊ ဆရာမများ ဒေသအသီးသီး၌ တာဝန်ထမ်းဆောင်ကြရာတွင် နိုင်ငံတော်က ပြုစုပျိုးထောင်ပေးထားသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် ဒေသ၏အကျိုး၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုး၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားတို့ကို ရှေးရှုကာ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေကြောင်း ။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၅)/၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၅)/၂၀၁၉) ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၅)/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏာစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ပညာရေးဘွဲ့ (B.Ed) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၂ ဦးတို့သည် ယနေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား လွှတ်တော်ဆိုင်ရာဗဟုသုတများနှင့် သိရှိလိုသည်များကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ရှင်းလင်းပြောကြားသည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူ ပေါင်း ၅၈၇၁၇ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။
သတင်းစဉ်

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ မိုး/၈လ

ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။ (ဝဝုံ)

ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံရုံး အတွင်းရေးမှူး ဒေါ်သန်းသန်းလွင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။
သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လေ့လာရေးခရီးစဉ် အမှတ်တရ ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ကော့ကရိတ်မြို့နယ်မှ ပိုးကရင်တိုင်းရင်းသူ မနန်းယဉ်ယဉ်ထွေးက ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂါရဝပြု လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လေ့လာရေးခရီးစဉ် အမှတ်တရ ဂါရဝပြု လက်ဆောင်ကို ပေးအပ်သည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၃)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သတင်းစဉ်

နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးနေ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၃) ကျောင်းသား၊ ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားတွင် မြွက်ကြားသည့် ဩဝါဒအမှာစကား

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးဆောင်တဲ့ လေ့လာရေးအဖွဲ့ ကြီးကြပ်သူများနဲ့ ပညာရေးဘွဲ့ (၅) နှစ် သင်တန်း အမှတ်စဉ် (၃) က ကျောင်းသား၊ ကျောင်းသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနကတာဝန်ရှိသူများအားလုံး ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

သားတို့၊ သမီးတို့အနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာရေးဘွဲ့ (၅) နှစ် သင်တန်းအမှတ်စဉ် (၃) ကို အောင်အောင်မြင်မြင် တက်ရောက်ခဲ့ကြပြီးဖြစ်လို့ မကြာမီ သင်တန်းဆင်းပြီး ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အနာဂတ်ပညာရေးလောကကို သွေးသစ်လောင်းပေးမယ့် ဆရာ၊ ဆရာမလောင်းများကို တွေ့ဆုံအမှာစကားပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကြီးမားတဲ့စိန်ခေါ်မှုတွေလည်းဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်း (၁၀၈) ကျော်နဲ့ ပေါင်းစည်း တည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဟာ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်း အပြန်အလှန် အမှီသဟဲပြုပြီး နှစ်ပေါင်းများစွာ စုပေါင်းနေထိုင်လာခဲ့ကြပါတယ်။ ဒီလို အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ ကိုလိုနီနယ်ချဲ့တို့ရဲ့ တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်း အကြား သံသယတွေပွား၊ အထင်အမြင်တွေ လွဲမှားပြီး စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ခဲ့ကြရပါတယ်။ ဒါဟာ နိုင်ငံတော်အတွက် ယနေ့တိုင် မပြီးဆုံးနိုင်သေးတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းတွေထဲက အချက်တစ်ချက်ဖြစ်သလို နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ အဟန့်အတား ဖြစ်စေတဲ့ ကြီးမားတဲ့စိန်ခေါ်မှုတွေလည်း ဖြစ်ပါတယ်။

ဒီအခြေအနေတွေကို သိမြင်နားလည်ခဲ့ကြတဲ့ နိုင်ငံ့အကြီးအကဲအဆက်ဆက်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ နယ်စပ်ဒေသတွေမှာ အခြေခံအဆောက်အအုံများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွေကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပါတယ်။

နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနိုင်မယ့် ပညာရေးဝန်ထမ်းကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့မှာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို အဆင့်မြင့်ပညာတွေ သင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ နိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအရေးကြီးပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ်သင်တန်း အမှတ်စဉ်(၃) ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဩဝါဒအမှာစကား ပြောကြားစဉ်။

> “နိုင်ငံကို ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲရာမှာ ပညာရေးဟာ အင်အားအကြီးဆုံး လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒီပညာရေးကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားတို့၊ သမီးတို့ကို နယ်စပ်ဒေသက အခြေခံပညာကျောင်းတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့ အရည်အသွေးပြည့်ဝတဲ့ ဆရာ၊ ဆရာမတွေအဖြစ် နိုင်ငံတော်က မျှော်လင့်ပြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်”

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနဟာ နယ်စပ်ဒေသက တိုင်းရင်းသားတွေ အခြေခံပညာကို အခမဲ့သင်ယူနိုင်ရုံသာမက အဆင့်မြင့် ပညာများကိုလည်း အခမဲ့သင်ယူခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းရင်းသားလူငယ်တွေ အခြေခံပညာကို အခမဲ့သင်ယူနိုင်ဖို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၄၅) ကျောင်းကို နိုင်ငံတော်တစ်ဝန်းလုံးမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ အဆင့်မြင့်ပညာရပ်တွေကိုလည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နဲ့ စစ်ကိုင်း) တို့မှာ ဆက်လက်ပြီး အခမဲ့သင်ယူနိုင်ကြပြီဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်က နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင် ပေးနေတာပဲ ဖြစ်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံးကတော့ ပညာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအုတ်မြစ်ဟာ ထိုနိုင်ငံမှာရှိတဲ့ လူငယ်များရဲ့ ပညာရေးပဲ ဖြစ်ပါတယ်။ ပညာရေးဆိုတာ လူငယ်တွေရဲ့ ဉာဏ်၊ စာရိတ္တ၊ ကာယဖွံ့ဖြိုးရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ပညာရေးဟာ လူတစ်ဦးချင်းစီရဲ့ဘဝ အောင်မြင်ရေးသာမက နိုင်ငံကြွယ်ဝချမ်းသာရေးမှာပါ အဓိကသော့ချက် ဖြစ်ပါတယ်။ နိုင်ငံကို ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲရာမှာ ပညာရေးဟာ အင်အားအကြီးဆုံး လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒီပညာရေးကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားတို့၊သမီးတို့ကိုနယ်စပ်ဒေသကအခြေခံပညာကျောင်းတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့ အရည်အသွေးပြည့်ဝတဲ့ ဆရာ၊ ဆရာမတွေအဖြစ် နိုင်ငံတော်က မျှော်လင့်ပြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်။ သားတို့၊ သမီးတို့ဟာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်ပြီး ဆရာအရည်အသွေး ပြည့်ဝရုံသာမက မိမိတာဝန်ကျရာဒေသရဲ့ ဖွံ့ဖြိုးရေးတာဝန်တွေကိုပါ ထမ်းဆောင်နိုင်အောင် ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ (၅) နှစ်တာ စာတွေ့လက်တွေ့ ဆည်းပူးသင်ယူလေ့လာခဲ့ကြပြီး ဖြစ်တယ်လို့လည်း ယုံကြည်ထားပါတယ်။

မျှော်မှန်းကြိုးပမ်းလျက်ရှိ

နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရုံသာမက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အတူ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ရပ်တည်နိုင်ဖို့ မျှော်မှန်းကြိုးပမ်းလျက်ရှိပါတယ်။ အဲဒီအတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan- MSDP) ကို ရေးဆွဲချမှတ် စီမံဆောင်ရွက်ပေးနေတာကိုလည်း သားတို့၊ သမီးတို့ လေ့လာထားရှိပြီး ဖြစ်ပါတယ်။ အဲဒီ MSDP စီမံကိန်းရဲ့ ပန်းတိုင် (၄) မှာ ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလို့ သတ်မှတ်ထားပြီး၊ မဟာဗျူဟာတွေထဲမှာလည်း အရည်အသွေးမြင့်မားသော ရာသက်ပန် ပညာရေးဆိုင်ရာအခွင့်အလမ်း တန်းတူရရှိရေးဆိုတဲ့ မဟာဗျူဟာတစ်ရပ် ပါရှိပါတယ်။ ဒါဟာ နိုင်ငံသားတိုင်း ပညာရည်ပြည့်ဝလာဖို့ မျှော်မှန်းချက်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်က ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာစေဖို့ ရည်ရွယ်ပြီး အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သားတို့၊ သမီးတို့ဟာ စနစ်သစ်ပညာရေးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဆရာ၊ ဆရာမလောင်းတွေ ဖြစ်တဲ့အတွက် မိမိကိုယ်တိုင်က ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills)၊ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills) နဲ့ ပြည့်စုံနေဖို့လိုအပ်သလို မိမိတပည့် ကျောင်းသားလူငယ်တွေကိုလည်း ဒီကျွမ်းကျင်မှု တစ်နည်းအားဖြင့် C-၅ လုံးနဲ့ ပြည့်ဝအောင်လေ့ကျင့်ပြုစုပေးကြဖို့ လိုအပ်ပါတယ်။ C-၅ လုံး ဆိုတာကတော့ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ တီထွင်ဖန်တီးခြင်း (Creativity and Innovation)၊ နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) တို့ပဲ ဖြစ်တယ်။ ဒီ C-၅ လုံးဟာ စိန်ခေါ်မှုများစွာနဲ့ ရှုပ်ထွေးနေတဲ့ ယနေ့ခေတ်မှာ ဘဝခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ဖို့ အနာဂတ်လူငယ်တွေအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုများပဲ ဖြစ်ပါတယ်။ သားတို့၊ သမီးတို့အနေနဲ့ ဒီကျွမ်းကျင်မှုများအပေါ် မိမိတို့ရဲ့ ရှိသားမှုကို ထပ်ဆင့်လိုက်ပါက အောင်မြင်မှုများ ရရှိကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၁ ရာစု ပညာခေတ်မှာ မိမိတို့တပည့် လူငယ်တွေကို မတူကွဲပြားမှုနဲ့ တန်းတူညီမျှမှုများကို နားလည် လက်ခံသော၊ ဒီမိုကရေစီအလေ့အကျင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို အလေးထားသော၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးရဲ့ ကြွယ်ဝသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနဲ့ သမိုင်းအမွေအနှစ်တွေကို တန်ဖိုးထား မြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံ့သားကောင်းတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

အမြဲမပြတ် ကြိုးစားအားထုတ်

နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပညာရေးဖြစ်အောင် ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်နေတဲ့ အခုလို အချိန်အခါမျိုးမှာ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေး ပြည့်မီရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် အနာဂတ်ပညာရေးကို ဖော်ဆောင်ကြမယ့် သားတို့၊ သမီးတို့ အနေနဲ့ ဘွဲ့တစ်ခုရပြီးတာနဲ့ ပညာသင်ယူမှုပြီးဆုံးပြီလို့ မခံယူဘဲ မိမိတို့ရဲ့ အရည်အသွေးပြည့်မီရေးကို မိမိတို့ ကိုယ်တိုင်တစ်သက်တာ သင်ယူချင်စိတ်မွေးမြူပြီး ဆက်လက် လေ့လာသင်ယူနေကြရမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေဟာ ထာဝရပညာရှာမှီးသူများ ဖြစ်ကြပါတယ်။ ပညာဖြန့်ဝေပေးသူများလည်း ဖြစ်ကြပါတယ်။ အပြောင်းအလဲတွေ မြန်ဆန်တဲ့

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ ပညာကို စဉ်ဆက်မပြတ် ရှာဖွေနေသူတွေသာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ပြီး အနာဂတ်ကို အမွေဆက်ခံနိုင်မှာ ဖြစ်ပါတယ်။ အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ စိန်ခေါ်မှုတွေလည်း အများကြီးရှိနေသလို တိုးတက်မှုတွေအတွက် အခွင့်အလမ်းတွေလည်း များစွာရှိနေတာဖြစ်တဲ့အတွက် သားတို့၊ သမီးတို့အနေနဲ့ အဲဒီအခွင့်အလမ်းတွေကို ရယူနိုင်အောင် မိမိတို့ရဲ့ အရည်အချင်းတွေ ပြည့်ဝနေဖို့ အမြဲမပြတ် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းမှာကြား လိုပါတယ်။

ယခုလို မိမိရဲ့အရည်အသွေးကိုလည်း မြင့်မားသည်ထက် မြင့်မားအောင် အစဉ်ကြိုးစားကြရင်း မိမိတာဝန်ကျရာ ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေကို နိုင်ငံတော် က အားထားရတဲ့ လူစွမ်းအားအရင်းအမြစ်တွေ ဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးကြစေလိုပါတယ်။ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကျောင်းနေအရွယ် အားလုံးပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူ မရှိစေရေးဆိုတဲ့ မူဝါဒတွေနဲ့အညီ တိုင်းရင်းသားလူငယ်တွေကို စာရိတ္တနဲ့ကိုယ်ကျင့်တရား ကောင်းမွန်တဲ့ နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေး ကြပါလို့လည်း မှာကြားလိုပါတယ်။

လူငယ်တွေရဲ့ ဘဝကို ဝါးမြိုု

ဒီလိုပြုစုပျိုးထောင်ပေးရာမှာ သတိထားရမှာကတော့ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လူငယ်ထုအတွင်းကို ဝင်ရောက်လာပြီး အနာဂတ် လူငယ်တွေရဲ့ ဘဝကို ဝါးမြိုု ဖျက်ဆီးနေတာဖြစ်ပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်မားလာတာနဲ့အမျှ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများ များပြားလာတဲ့ ဆိုးကျိုးသံသရာကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံမှာ မူးယစ်ဆေးအကြောထဲထိုးသွင်းသူ (၉၃,၀၀၀) ဦးခန့်ထိရှိကြောင်း ခန့်မှန်းထားပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ HIV ရောဂါ၊ အသည်းရောင်အသားဝါရောဂါနဲ့ တီဘီရောဂါကူးစက်မှုတွေ မြင့်တက်လာကြောင်း မသိရှိရပါတယ်။

လက်တွဲဆောင်ရွက်

ဒါ့ကြောင့်လည်း နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ သားတို့၊ သမီးတို့အနေနဲ့လည်း မိမိတို့ကိုယ်တိုင်က မူးယစ်ဆေးဝါးကင်းစင်တဲ့သူဖြစ်ဖို့ လိုသလို ကျောင်းသားလူငယ်တွေကိုလည်း မူးယစ်ဆေးဝါးကင်းစင်တဲ့ အနာဂတ် မျိုးဆက်သစ်တွေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြဖို့ လိုပါတယ်။ မိမိရဲ့ စာသင်ကျောင်းကို မူးယစ်ဆေးဝါးကင်းစင်တဲ့ စာသင်ကျောင်းဖြစ်အောင် ကြိုးစားပေးကြပါ။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတော်ရဲ့ လုပ်ငန်းအစီအမံတွေမှာ လက်တွဲဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

ကာကွယ်ထိန်းသိမ်း

မြန်မာနိုင်ငံတော်ဟာ သဘာဝသယံဇာတ ပေါကြွယ်ဝပြီး တိုင်းရင်းသားများရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ များစွာတည်ရှိတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ သားတို့၊ သမီးတို့အနေနဲ့ မိမိတို့ တာဝန်ကျရာ ဒေသတွေက တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားစေဖြီး မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုတဲ့စိတ်တွေ၊ ပြည်ထောင်စုစိတ်ဓာတ်တွေ မွေးမြူရှင့်သန်လာစေဖို့ကိုလည်း ကြိုးစားဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

ကျန်းမာရေး အသိပညာပေး

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းဟာ နိုင်ငံရဲ့အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ခု တိုးတက်တယ်၊ မတိုးတက်ဘူးဆိုတာကို နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ ပညာရေးအခြေအနေကိုကြည့်ပြီး အကဲဖြတ်လေ့ရှိကြပါတယ်။ လူနေမှုအဆင့်အတန်း နိမ့်ကျမှုနဲ့ ကျန်းမာရေးအသိ မပြည့်စုံမှုတို့ဟာ ရောဂါဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေက တစ်ဆင့် ကျန်းမာရေးအသိပညာပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်လှပဖို့အတွက် လူငယ်တွေဟာ ကိုယ်ကျန်းမာရုံသာမက စိတ်ကျန်းမာဖို့လည်း လိုအပ်ပါတယ်။ ဒါ့ကြောင့် သားတို့၊ သမီးတို့အနေနဲ့ မိမိတို့ရဲ့ တပည့်ကျောင်းသားလူငယ်တွေကို ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန် ပြည့်စုံတဲ့ လူငယ်တွေဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြပါလို့လည်း မှာကြားလိုပါတယ်။

အဓိကနေရာမှာ တည်ရှိနေ

သားတို့၊ သမီးတို့ဟာ သင်တန်းဆင်းပြီးတဲ့နောက် နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ကြရတော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့ဝန်ထမ်းနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကိုလည်း အနည်းငယ်မှာကြားလိုပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ အဓိကခက်မသုံးဖြာရှိတဲ့အနက် အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် နိုင်ငံ့ဝန်ထမ်းဟာ အဓိကနေရာမှာ တည်ရှိနေပါတယ်။

ဒီမိုကရေစီကျင့်စဉ်ရဲ့ ကျောရိုးမဏ္ဍိုင်

ဒါ့အပြင် ကျင့်ဝတ်သိက္ခာ ပြည့်စုံခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ယူမှုနဲ့ တာဝန်ခံမှုရှိခြင်း စတဲ့ အခြေခံမူများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး လုပ်ရည်ကိုင်ရည်နဲ့ ယုံကြည်မှုခိုင်မာမှုရှိတဲ့ ဝန်ထမ်းများဟာ ကောင်းမွန်သော ဒီမိုကရေစီကျင့်စဉ်ရဲ့ ကျောရိုးမဏ္ဍိုင် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုပြီး ပြည်သူများအား အလုပ်အကျွေးပြုနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဟာ နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုမှုများ တိုးပွားလာစေရေးအတွက် အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်ရဲ့ ပုံရိပ်နဲ့ နိုင်ငံတော်ရဲ့တန်ဖိုးကို ကိုယ်စားပြု ထင်ဟပ်နေသူများ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းများအနေနဲ့ စောင့်ထိန်းရမည့် ဥပဒေများ၊ စည်းကမ်းများ၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း တိတိကျကျ သိရှိလိုက်နာသွားဖို့ မှာကြားလိုပါတယ်။

နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကိုစောင့်သိ

သားတို့၊ သမီးတို့ဟာ နိုင်ငံတော်က ပြုစုပျိုးထောင်ထားတဲ့ နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဝိသစ္စာနိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိပြီး နိုင်ငံတော်က မျှော်မှန်းထားတဲ့အတိုင်း မိမိတို့ တာဝန်ကျရာ နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြဖို့ လိုသလို အမိတက္ကသိုလ်မှာ ပညာဆည်းပူးကြရင်း သားတို့၊ သမီးတို့ရဲ့ ရင်ထဲမှာ စွဲမြဲခဲ့ပြီဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးကြပါလို့ အထူးမှာကြားလိုပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်တွေနဲ့ လေ့လာဆည်းပူးထားတဲ့ အသိပညာတွေကို အခြေတည်ပြီး ရရှိလာတဲ့ တိုးတက်မှုတွေ၊ ကြီးပွားချမ်းသာမှုတွေကသာ ရေရှည်တည်တံ့ ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်းရဲ့ အသိပညာ၊ အတတ်ပညာတွေ မြင့်မားလာရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ နိုင်ငံသူနိုင်ငံသားတွေရဲ့ အသိပညာ၊ အတတ်ပညာ မြင့်မားလာလေလေ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ရေရှည်ခိုင်မာလာလေလေ ဖြစ်ပါတယ်။

ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်း

ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲ ရပ်တည်နိုင်ဖို့ဆိုရင် သားတို့၊ သမီးတို့အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စိတ်ဓာတ်အင်အား၊ ညီညွတ်မှု အင်အား၊ ဉာဏ်ပညာအင်အားတွေနဲ့ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် သားတို့၊ သမီးတို့အနေနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ဖြစ်လာရအောင် ပညာသင်ကြားပေးရေး တာဝန်တွေ သာမက နိုင်ငံတော်တည်ဆောက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ကိုလည်း အထူးမှာကြားလိုပါတယ်။

ယခုလာရောက်တဲ့ လေ့လာရေးခရီးစဉ်မှာလည်း နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခြေအနေတွေကို လက်တွေ့သိမြင်ပြီး နားလည်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ယခု လေ့လာရေးကနေရရှိတဲ့ အသိပညာဗဟုသုတတွေကိုလည်း မိမိ တာဝန်ကျရာ ဒေသတွေမှာ လုပ်ငန်းတာဝန်ထမ်းဆောင်ကြတဲ့အခါ လက်တွေ့အသုံးချသွားကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့တာဝန်ကျရာဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့အခါ -

- ဒေသခံတိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။
- ဒေသခံတိုင်းရင်းသားလူငယ်များကို ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နဲ့ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills) ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးကြပါ။
- တိုင်းရင်းသားတွေကို မိမိတို့နိုင်ငံရဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား မြတ်နိုးပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဖြင့် အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားစေရန်နှင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်များ ထက်သန်လာစေရန် စည်းရုံးဆောင်ရွက်ပေးကြပါ။
- ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ ဒေသဖွံ့ဖြိုးရေးနဲ့ ဒေသခံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့မှာ ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- တိုင်းရင်းသားအားလုံးရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားတန်ဖိုးထားပြီး တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေစေဖို့ အမြဲမပြတ် ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်အစိုးရနဲ့ အတူလက်တွဲ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့လာရေးကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာဖြင့် ဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများအား လေ့လာရန် နေပြည်တော်သို့ ရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးမြဝင်းနှင့် ကြီးကြပ်သူဆရာ၊ ဆရာမများ ဦးဆောင်သည့် ပညာရေးဘွဲ့(၅)နှစ် သင်တန်းအမှတ်စဉ်(၃) နောက်ဆုံးနှစ်လေ့လာရေး ကျောင်းသား၊ ကျောင်းသူ ၂၆၈ ဦးတို့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတကြီး၏ ဩဝါဒလမ်းညွှန်မှာကြားချက်များကို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် ခံယူပြီး သိရှိမှတ်သားနားလည်ရုံနှင့် ရပ်တန့်မထားဘဲ အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရေးသည် အလွန်အရေးကြီးပါကြောင်း၊ အောင်မြင်သူနှင့်မအောင်မြင်သူတို့၏ အဓိက အားနည်းချက်မှာ နားလည်သိရှိပြီးကြသော်လည်း လက်တွေ့တွင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် သတိမပြု၊ မေ့လျော့နေကြခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့နိုင်ငံတော်သမ္မတ၏ ဩဝါဒခံယူပြီးသည့် အပြင် မောင်တို့မယ်တို့ကလည်း လိုက်နာဆောင်ရွက်ပါမည်ဟု ကတိကဝတ်များ ပြုခဲ့ကြပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်က အားကိုးအားထားပြုရမည့် ပညာရေးဝန်ထမ်းကောင်းများ၊ ပြည်သူ့ဝန်ထမ်း ကောင်းများဖြစ်အောင်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများကို လည်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လေ့လာရေးသွားရောက်နေသည့် ခရီးစဉ်အတွင်း ရောက်ရှိလေ့လာကြမည့် ဌာနများ၏ သမိုင်းကြောင်းနှင့် အစဉ်အလာများ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် တိုင်းပြည်တည်ဆောက်ရေး တိုးတက်ဖြစ်ထွန်းနေမှုများ၊ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နေရာဒေသများ၏ ဒေသန္တရဗဟုသုတများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားစေလိုကြောင်း။

လေ့လာရေးခရီးစဉ်မှရရှိခဲ့သည့် အသိပညာဗဟုသုတများကို မိမိတို့၏ လုပ်ငန်းခွင်များ၌ လက်တွေ့တာဝန်ထမ်းဆောင်သည့်အခါတွင် အတွေ့အကြုံများနှင့် သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များ ပေါင်းစပ်ချင့်ချိန်ပြီး ပြန်လည်အသုံးချသွားဖို့ လိုကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို နားလည်သဘောပေါက်ပြီး ပြန်လည်ပေးဆပ်နိုင်ရန် နိုင်ငံတော်၏ သားကောင်းသမီးမွန်များ ဝိသစ္စာဖြင့် မိမိတို့တာဝန်ပေးအပ်ရာ နေရာဒေသများရှိ တိုင်းရင်းသား လူငယ်များအား အနာဂတ်နိုင်ငံတော်တာဝန်ထမ်းဆောင်သည့်အခါတွင် အတွေ့အကြုံများကို ပခုံးပြောင်းတာဝန် ထမ်းဆောင်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပါမောက္ခချုပ်က လေ့လာရေးခရီးစဉ် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက လေ့လာရေးအဖွဲ့အား ထောက်ပံ့ငွေများ ပြန်လည်ပေးအပ်၍ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ၊ ကြီးကြပ်သူဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ASEAN – OSHNET Award ဆုအကြောင်း သိကောင်းစရာ

စိုးဝင်းစိန်

2nd ASEAN– OSHNET Award အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(Association of South East Asia Nation) သည် ၁၉၆၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ စသည့် နိုင်ငံငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်၌ မြန်မာနိုင်ငံသည် လာအိုနိုင်ငံနှင့်အတူ အဖွဲ့ဝင်ဖြစ်ခဲ့၍ လက်ရှိတွင် မူလနိုင်ငံ ငါးနိုင်ငံအပြင် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် ၁၀ နိုင်ငံဖြင့် ဖွဲ့စည်းထားတဲ့ ဒေသတွင်းဆိုင်ရာ အသင်းတစ်ခု ဖြစ်ပါတယ်။ အသင်း၏ ဌာနချုပ်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်တွင် တည်ရှိပြီး အသင်းအနေဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း (ASEAN Political and Security Community)၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း (ASEAN Socio-Cultural Community) စသည့် မဏ္ဍိုင်(၃)ရပ်ဖြင့် ဒေသတွင်း ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်သမားရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အာဆီယံ အလုပ်သမား ဝန်ကြီးများအဖွဲ့ (ASEAN Labour Minister)၊အဆင့်မြင့် အလုပ်သမားအရာရှိများအဖွဲ့ (Senior Labour Officials) တို့အပြင် လက်အောက်ခံအဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းထားပြီး လုပ်ငန်း စီမံချက်များ ချမှတ်ဆောင်ရွက်၍ ပုံမှန်အစည်းအဝေးများ ကျင်းပကာ ဆွေးနွေးအတည်ပြုခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့် အလုပ်သမားအရာရှိအဖွဲ့ (Senior Labour Officials Meeting) အောက်တွင်ရှိသော လက်အောက်ခံ အဖွဲ့အစည်းများအနက် အစောဆုံးဖွဲ့စည်းထားသည့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupation Safety and Health Network) ဟာ ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် အဖွဲ့ဝင်နိုင်ငံများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများမှ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစနစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ASEAN–OSHNET အကြောင်း အကျဉ်းတင်ပြရလျှင် အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် အဖွဲ့ဝင်နိုင်ငံများမှလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများပါဝင်၍ ညှိနှိုင်းရေးအဖွဲ့ (Coordinating Board) ကိုဖွဲ့စည်းထားရှိပြီး အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များချခြင်း အစရှိသည်တို့ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေး(Coordinating Board Meeting, CBM)ကို အဖွဲ့ဝင်နိုင်ငံများ အကျွမ်းဝင်အလှည့်အိမ်ရှင်နိုင်ငံအဖြစ်တာဝန်ယူ၍ နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်တွင် သတ္တမအကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် (၁၄) ကြိမ်မြောက်တို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါတယ်။

ထို့ပြင် CBM အပါအဝင် ASEAN–OSHNET အဖွဲ့တွင် အဆိုပါရုံး၏ တာဝန်ကို သုံးနှစ်တာကာလ အဖွဲ့ဝင်နိုင်ငံများအကျွမ်းဝင်အလှည့်ကျ တာဝန်ယူရသည့် ASEAN–OSHNET အတွင်းရေးမှူးချုပ်ရုံး (ASEAN–OSHNET Secretariat)ဖွဲ့စည်းထားပြီး လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျ အတွင်းရေးမှူးချုပ်ရုံး တာဝန်ကို ထမ်းဆောင်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ဆက်လက်တာဝန်ယူမည့် ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ လုပ်ငန်းတာဝန်အနေဖြင့် CBM နှင့် ASEAN–OSHNET ဆက်စပ်သည့် အစည်းအဝေး၊ သင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်းအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပြင်ပအဖွဲ့အစည်းများ (External Parties) အား ချိတ်ဆက်ညှိနှိုင်း ဆက်သွယ်ပေးခြင်း၊ အချက်အလက် စုဆောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရပါတယ်။

ASEAN–OSHNET အဖွဲ့အနေနဲ့လည်း အဖွဲ့ကြီးရဲ့ ရည်မှန်းချက်တွေအောင်မြင်မှုရရှိရန် အတွက် ငါးနှစ်တစ်ကြိမ် သင့်တော်သည့် လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိရာ (၂၀၁၁–၂၀၁၅ ခုနှစ်) စီမံချက်တွင် Raising the profile of OSH in ASEAN ဆိုသည့် ရည်မှန်းချက်တစ်ရပ်ပါရှိခဲ့ပါတယ်။ အဖွဲ့ရဲ့အဆိုပါရည်မှန်းချက် အောင်မြင်ရန်ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အဖွဲ့ဝင် နိုင်ငံအသီးသီးမှ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အဖွဲ့ဝင် နိုင်ငံအသီးသီးအနေဖြင့် ရလဒ်များ အဆင့်မြင့်လာပြီး ထိုမှတစ်ဆင့်အဖွဲ့ကြီးရဲ့ profile မြင့်မားလာမှာဖြစ်ပါတယ်။ သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းခွင်ထိခိုက်မှုနှုန်း ရောဂါခံစားရမှုများသည် ကြိုတင်ကာကွယ်၍ ရသည်ဆိုသည့် အသိအမြင်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရှိလာစေရန် စက်ရုံ၊ အလုပ်ရုံအဆင့်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်ရေး တွန်းအားပေးသည့် အနေဖြင့် ASEAN – OSHNET Award ဆု ရွေးချယ်ချီးမြှင့်ခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ASEAN – OSHNET Award ဆုရွေးချယ်ချီးမြှင့်ရာတွင် –

ဤဆုသည် အာဆီယံအဆင့်ရှိသည့်ဆုအဖြစ် သတ်မှတ်ထားသော်လည်း အဖွဲ့ဝင် နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု မတူညီသည့်အတွက် အချို့အဖွဲ့ဝင် နိုင်ငံအနေဖြင့် တန်းတူရည်တူ ယှဉ်ပြိုင်ပါက မျှတမှုမရှိနိုင်ပါသဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ သက်ဆိုင်ရာနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ အချင်းချင်း ယှဉ်ပြိုင်မှုအပေါ် ရွေးချယ်ချီးမြှင့်မယ့်ဆုပဲ ဖြစ်ပါတယ်။ ဆုရွေးချယ်ရာတွင် သက်ဆိုင်ရာနိုင်ငံမှ ဆုရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းစဉ်တွေနဲ့အညီ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ သို့သော် ဆုရွေးချယ်မှုနဲ့ ပတ်သက်၍ တစ်ပြေးညီ ဖြစ်စေရန် အဖွဲ့ဝင်နိုင်ငံများမှ ကြိုတင်ဆွေးနွေးညှိနှိုင်း၍ သဘောတူထားပြီးသည့်ဆု ရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ချက်များ (Teams of reference)နှင့် လမ်းညွှန်ချက်များ (Guideline) နှင့်အညီ ရွေးချယ်မှာ ဖြစ်တဲ့အတွက် တခြားအဖွဲ့ဝင်နိုင်ငံများမှ ရွေးချယ်သည့် ဆုတွေနဲ့ တန်းတူရည်တူ အဆင့်ရှိတဲ့ဆုဖြစ်ပါတယ်။

ဆုရွေးချယ်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံအလိုက် အမျိုးသားအဆင့် ဆုရွေးချယ်ရေးအဖွဲ့ (National selection Team) ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း Focal Department ဖြစ်တဲ့ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး

"ဆုချီးမြှင့်ခံရပါက မိမိလုပ်ငန်း အနေနဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍမှာ အာဆီယံအဆင့်ရှိသော စက်ရုံအဖြစ် သတ်မှတ်စာရင်းသွင်းခံရမှာဖြစ်လို့ ပုံရိပ်ကောင်းမွန်စေတဲ့အပြင် စီးပွားရေးယှဉ်ပြိုင်မှုတွင် အကျိုးတရား များစွာရရှိနိုင်"

အာဆီယံဒေသတွင်း အကောင်းဆုံး လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်ကောင်းမွန်တဲ့ ကုမ္ပဏီများကို အများသိရှိစေရေး ပြသရန်၊ အသိအမှတ်ပြုရန်နှင့် ဆုချီးမြှင့်ရန်၊

- ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးအခြေအနေ(Profile) မြှင့်တင်ရန်၊
- ဒေသတွင်းလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့ဆန္ဒ ပိုမိုဖြစ်ပေါ်လာစေရန်၊
- ဒေသတွင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာမှာ ကောင်းမွန်တဲ့ပုံရိပ်ဖြစ်စေရန်၊
- ဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာကောင်းမွန်တဲ့ အလေ့အထ နမူနာအဖြစ် ကုမ္ပဏီများအကြား ပူးပေါင်းလုပ်ဆောင်မှုမြှင့်တင်စေရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ အနှစ်သာရရှိရှိ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဆုနှင့် ပတ်သက်ပြီးတင်ပြရရင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထူးခြားကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုအပေါ် ချီးမြှင့်မည့်ဆု (Excellence Award)နှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အထ၊ ကျင့်စဉ်တွေ ချမှတ်နိုင်ရေးအပေါ် ချီးမြှင့်မည့်ဆု (Best Practices Award)ဟူ၍ ASEAN–OSHNET ဆုနှစ်မျိုး နှစ်စား ရှိပါတယ်။ ဒီဆုတွေဟာ နှစ်စဉ် ချီးမြှင့်ပေးအပ်တာမဟုတ်ဘဲ နှစ်နှစ်လျှင် တစ်ကြိမ်သာ ရွေးချယ်ချီးမြှင့်ပေးခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှသာ စတင်ခဲ့ခြင်းဖြစ်၍ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ် နှစ်ကြိမ်သာ ရွေးချယ်ချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

များရဲ့အခြေအနေအပေါ် မူတည်ပြီး သတ်မှတ်ရမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဥပဒေကို ကိုးကား၍ အလုပ်သမား ဦးရေ ၅၀ မှ ၃၀၀ အထိ လုပ်ကိုင်သော ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်သမား ၃၀၀ မှ ၆၀၀ အထိ လုပ်ကိုင်သော လုပ်သားအခြေပြု လုပ်ငန်းတွေကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။

အကဲဖြတ်မှုအနေဖြင့် အန္တရာယ်အကဲဖြတ်မှု ဆောင်ရွက်ထားခြင်း(risk Assessment)၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ(Hazardous chemical Management) ဆောင်ရွက်ထားပြီး အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကောင်းဆုံးသော ကျင့်စဉ်၊ အလေ့အထ (Best Practices) ချမှတ်ကျင့်သုံး ဆောင်ရွက်မှုအပေါ် ASEAN–OSHNET ၏ လမ်းညွှန်ချက်နှင့်အညီ အထွေထွေရမှတ်(General Criteria)နှင့် အကြောင်းအရာအပေါ် အကဲဖြတ်သည့် ရမှတ်(Thematic assessment criteria) များနှင့်အညီ အမှတ်ပေးအကဲဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆုနှစ်မျိုးစလုံးအတွက် အကဲဖြတ် အမှတ်ပေးရာမှာ ပါဝင်ယှဉ်ပြိုင်တဲ့ စက်ရုံ၊ အလုပ်ရုံများမှ ပေးပို့လာသော လျှောက်လွှာများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ အထောက်အထားများ မှတ်တမ်းများကို ပဏာမအကဲဖြတ်သွားမည်ဖြစ်ပြီး ပဏာမအဆင့် ရွေးချယ်ခံရသည့် စက်ရုံ၊ အလုပ်ရုံများကို နောက်ဆုံးအဆင့်အဖြစ် ကွင်းဆင်းစစ်ဆေး တွေ့ဆုံမေးမြန်းခြင်းတို့ ပြုလုပ်ပြီး နောက်ဆုံးအမှတ်ပေး အကဲဖြတ်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့် အမှတ်ပေးအကဲဖြတ်ပြီး အမှတ်အများဆုံးရရှိသည့် စက်ရုံ၊ အလုပ်ရုံကိုသာ ဆုချီးမြှင့်ခြင်းခံရသူ အဖြစ် ရွေးချယ်သွားမှာဖြစ်ပြီး ဒုတိယဆု၊ တတိယဆု အစရှိသည့် ဆုများ ရွေးချယ်သွားမှာ မဟုတ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဆုရွေးချယ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ Senior Labour Officers meeting မှ အတည်ပြုချက်ရယူရခြင်း၊ ဆုပေးအပ်ချီးမြှင့်မည့်အချိန်တို့အပေါ် မူတည်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆုရွေးချယ် ခံရသည့် စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လမှာ လာအိုနိုင်ငံတွင် ကျင်းပမည့် ဆုချီးမြှင့်ခြင်းဆိုင်ရာ အခမ်းအနားသို့ တာဝန်ရှိသူများကိုယ်တိုင် တက်ရောက်လက်ခံရယူရမှာ ဖြစ်ပါတယ်။

ယခင် ဆုရွေးချယ်ချီးမြှင့်ခံရမှုနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ဆုချီးမြှင့်တဲ့ အခမ်းအနားမှာ မြန်မာနိုင်ငံက Excellence Award ကို Fame ဆေးဝါး စက်ရုံနဲ့ Best Practices Award ကို TOYO Battery စက်ရုံ၊ ၂၀၁၈ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ဆုချီးမြှင့်တဲ့ အခမ်းအနားမှာ Excellence Award ကို United Paint Group Co.,Ltd သဘော်ဆေးစက်ရုံ နဲ့ Best Practices Awardကို Unilever(Myanmar) Co.,Ltd စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းတို့က ရယူနိုင်ခဲ့ပါတယ်။ ယခင် ဆုပေးအပ် ချီးမြှင့်သည့် နှစ်ကြိမ်မှာ မြန်မာနိုင်ငံအနေနဲ့ ASEAN–OSHNET က ချီးမြှင့်တဲ့ ဆု နှစ်ဆုလုံး ရယူခဲ့တဲ့အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍမှာ အာဆီယံဒေသတွင်း အဆင့် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း မီးမောင်းထိုး ပြသနိုင်ခဲ့ပါတယ်။

ယခုလို ASEAN – OSHNET Award ဆုပေးအပ်ချီးမြှင့်ခြင်းသည် နှစ်နှစ်တစ်ကြိမ်သာ ကျင်းပခြင်းဖြစ်၍ အခွင့်အရေး မဆုံးရှုံးစေဖို့ ဆုချီးမြှင့်ခံရပါက မိမိလုပ်ငန်းအနေနဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍမှာ အာဆီယံအဆင့်ရှိသော စက်ရုံအဖြစ် သတ်မှတ် စာရင်းသွင်းခံရမှာဖြစ်လို့ ပုံရိပ်ကောင်းမွန်စေတဲ့အပြင် စီးပွားရေးယှဉ်ပြိုင်မှုတွင် အကျိုးတရား များစွာရရှိနိုင်ခြင်း၊ အကယ်၍ဆုမရရှိပါကလည်း ပါဝင်ယှဉ်ပြိုင်မှု အတွေ့အကြုံ ရရှိခြင်း၊ မိမိစက်ရုံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အခြေအနေကို သိရှိနိုင်၍ အားနည်းချက်များကို ပြုပြင်နိုင်ခြင်း ဖြင့် မိမိလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းခွင် အခြေအနေ ပိုမိုကောင်းမွန်လာ၍ လုပ်ငန်းခွင် ထိခိုက်မှု၊ ရောဂါခံစားရမှု ပိုမိုနည်းပါးခြင်းနှင့် မိမိ အလုပ်သမားများ၏ ယုံကြည်မှုကိုရရှိခြင်းစတဲ့ ကျွေးကွေးရေပါ အကျိုးအမြတ် ရလဒ်ကောင်းများ ပေါ်ထွက်စေနိုင်တဲ့အတွက် အထက်တွင်ဖော်ပြခဲ့တဲ့ ASEAN – OSHNET Award ပြိုင်ပွဲကြီးကို ရွှင်လန်းတက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြဖို့ တိုက်တွန်းနှိုးဆော် မောင်းခတ်လိုက်ရပါကြောင်း။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ကျောဖုံးမှ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော်၊ ဆာရန်းဂျယ်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲနှင့် နေ့လယ်စာစားပွဲသို့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွေး၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးကျင်ဝမ်း၊ ဦးထွန်းကျော်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ National Assembly Library သို့လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် အီလ်ဆန်ဒေသရှိ Hyundai Motor Studio သို့လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Sejong Culture Centre သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

သတင်းစဉ်

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် စည်းဝေး

နေပြည်တော် အောက်တိုဘာ ၂

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသား မြေအသုံးချမှုကောင်စီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းအမျိုးသား မြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့ကို လည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းဖြစ်ပါကြောင်း။

အမျိုးသား မြေအသုံးချမှု မူဝါဒနှင့် ညီညွတ်သည့် အမျိုးသားမြေဥပဒေ (မူကြမ်း) ပေါ်ပေါက်လာစေရန်နှင့် မြေစီမံခန့်ခွဲမှု ဆိုင်ရာဥပဒေများ သဟဇာတဖြစ်စေရေးအတွက် တည်ဆဲဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန်တို့သည် လုပ်ငန်းကော်မတီ၏ အဓိကတာဝန်များ ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော မြေအသုံးချမှု စီမံခန့်ခွဲရေး၊ မြေလုပ်ပိုင်ခွင့်များ ခိုင်မာစေရေး၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ကာကွယ်ပေးရေး၊ မြေအငြင်းပွားမှုဖြေရှင်းရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ထွန်းစေရေးတို့ကို လွှမ်းခြုံသည့် ပြဋ္ဌာန်းချက်များကို အမျိုးသား မြေဥပဒေ (မူကြမ်း)တွင် ထည့်သွင်းရေးဆွဲသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေမူကြမ်း ရေးဆွဲရာတွင် အများပြည်သူ ပူးပေါင်းပါဝင်ဆွေးနွေးနိုင်ရေးအတွက် အကျိုးသက်ဆိုင်သူများပါဝင်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည် ဖြစ်ပါကြောင်း။

အထောက်အကူပြု လုပ်ငန်းအဖွဲ့ကိုလည်း ဥပဒေမူကြမ်းရေးဆွဲနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများချမှတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများကိုလည်း ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်သူအားလုံး၏ အကြံဉာဏ်များကိုရယူ၍ အမျိုးသား မြေအသုံးချမှုမူဝါဒနှင့် ကိုက်ညီသည့်ဥပဒေမူကြမ်း ပေါ်ပေါက်လာရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥပဒေမူကြမ်းရေးဆွဲရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲချမှတ်နိုင်ရန် အဆိုပြုလုပ်ငန်းစဉ်(မူကြမ်း)အပေါ် ပူးပေါင်းပါဝင် ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ဘုရင့်နောင်တံတား အမှတ်(၁) ပြုပြင်မွမ်းမံချိန်ကာလအတွင်း YBS ယာဉ်လိုင်းများ လမ်းကြောင်းပြောင်းလဲပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်မြို့ လှိုင်မြစ်ကူးတံတားတစ်စင်းဖြစ်သော ဘုရင့်နောင်တံတား အမှတ်(၁)အား အောက်တိုဘာ ၅ ရက်မှစတင်၍ ပြုပြင်မွမ်းမံမှုများပြုလုပ်မည်ဖြစ်ရာ တံတားပေါ်မှ ဖြတ်သန်းပြေးဆွဲနေသော YBS ယာဉ်လိုင်းများအား တံတားအမှတ်(၂)သို့ ယာဉ်လမ်းကြောင်းပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က YRTA ရုံး၌ ယနေ့ပြုလုပ်သော သတင်းမီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

လက်ရှိအချိန်တွင် YBS – ၂၀၊ YBS – ၂၃ နှင့် YBS – ၈၅ ယာဉ်များမှာ ဘုရင့်နောင်တံတားအမှတ်(၁)ပေါ်မှ အသွားခရီးစဉ်ကိုဖြတ်သန်း၍ အပြန်ခရီးစဉ်ကို တံတားအမှတ်(၂) ကို အသုံးပြုဖြတ်သန်းလျက်ရှိသည်။ သို့ဖြစ်ရာ တံတားအမှတ်(၁) ပြုပြင်စဉ်ကာလတွင် အဆိုပါယာဉ်များ၏ အသွားအပြန် ခရီးစဉ်များကို တံတားအမှတ်(၂)သို့ ပြောင်းလဲအသုံးပြုရမည်ဖြစ်သည်။

YRTA အနေဖြင့် ဘုရင့်နောင်တံတားအမှတ်(၁)ပြင်ဆင်ချိန်ကာလတွင် YBS ယာဉ်လိုင်းများအား ပြေးဆွဲမှုအပိုင်းနှင့် ကြပ်မတ်ထိန်းသိမ်းမှုအပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဖြစ်ပေါ်လာနိုင်တာက တံတားနှစ်စင်းပေါ်မှာ YBS ယာဉ်အစီးရေက တစ်နေ့ကို ၂၀၀ ပတ်ဝန်းကျင်လောက် ဖြတ်သန်းပြေးဆွဲနေပါတယ်။ အရင်က တံတားနှစ်စင်းကို ခွဲပြီးဆွဲနေတဲ့အတွက် ဒီအင်အားဟာ ဘာမှမဖြစ်ပေမယ့် တံတား(၂) တစ်ခုတည်းကို အသုံးပြုတော့မယ်ဆိုရင် ယာဉ်ကြောကျပ်တည်းမှုက အထိုက်အလျောက် ရှိလာနိုင်ပါတယ်" ဟု ဦးလှအောင်က ပြောသည်။

အဆိုပါနေရာ၌ ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်လာပါက YRTA အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘုရင့်နောင်တံတား အမှတ် (၂) ကို အသွားအပြန် ဖြတ်သန်းပြေးဆွဲပေးလျက်ရှိသော YBS – ၁၆၊ YBS – ၆၈ နှင့် YBS – ၈၃ ယာဉ် လိုင်းများမှာမူ ယာဉ်လမ်းကြောင်း ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း သိရသည်။ တံတား အမှတ်(၁) ပြုပြင်မွမ်းမံမှုကာလမှာ တစ်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – ဗလစိုး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် ၎င်းတို့၏ဇနီးများ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ - ကိုရီးယား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာနက မြန်မာ- ကိုရီးယား ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေသည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်းနှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးအောင်လှထွန်း၊ ဒေါက်တာရဲမြင့်ဆွေ၊ ဦးဝင်းမော်ထွန်းနှင့် ဒေါက်တာထွန်းနိုင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာနှင့် ၎င်းတို့၏ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင် ကုမ္ပဏီများမှ တာဝန်ရှိသူများအား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti နှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးနှင့် ဖင်လန်နိုင်ငံမှ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖင်လန်နိုင်ငံရှိကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်ခြင်း၊ Clean and Smart Energy ဆိုင်ရာ နည်းပညာများနှင့် အတွေ့အကြုံများမျှဝေရန်၊ စွမ်းအင်အရင်းအမြစ်များမှ ရေရှည်တည်တံ့စေမည့်နည်းလမ်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူးရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ချေးငွေဆိုင်ရာကိစ္စနှင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ စွမ်းရည်ပြည့်ဝသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးကဏ္ဍများနှင့် ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော်မည့် ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman နှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အမေရိကန်နှင့် မြန်မာနိုင်ငံအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအသီးသီးရှိ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

သတင်းစဉ်

ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရေးအတွက် အစိုးရ၏ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား ဗြိတိန်နိုင်ငံ Parliamentary Under-Secretary of State for International Development, Hon. Baroness Elizabeth Grace Sugg နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဌာန၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဗြိတိန်ကိုယ်စားလှယ်အဖွဲ့အား ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးအတွက် အစိုးရ၏ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရာခိုင်ပြည်နှုန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေမှုများ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး အစီအစဉ်များ၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အမျိုးသမီးများ၏ပါဝင်မှု မြင့်မားရေးအတွက် ဆောင်ရွက်မှုများ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် တိုးတက်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ အစဉ်အဆက် ပေးအပ်နေမှုအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဗြိတိန်နိုင်ငံ Parliamentary Under-Secretary of State ၊ Hon. Baroness Elizabeth Grace Sugg က ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား ကျော်လွှားနိုင်ရန် မြန်မာအစိုးရက အားထုတ်ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီအထောက်အပံ့များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများအတွက်လည်း ဆက်လက် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေဖြန့်ဝေမှု၊ ရေသန့်စင်မှုနှင့် စွန့်ပစ်ရေသန့်စင်သည့် လုပ်ငန်းများတွင် နည်းပညာပံ့ပိုးပေးနိုင်မှု၊ စွန့်ပစ်အမှိုက်မှ စွမ်းအင်ပြန်လည်ထုတ်လုပ်ရေးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာ၊ အမှိုက်စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစဉ်အရ အကောင်အထည်ဖော်မည့်လုပ်ငန်းများ၊ စက်မှုဆိုင်ရာ စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကြီးကြပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာ၊ နေရောင်ခြည်စွမ်းအင်ရရှိရန် ဆိုလာပြားထုတ်လုပ်သည့် နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ စက္ကူပျော့ဖတ်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းအဖြစ် ယူကလစ် စသည့် ကြီးမြန်သစ်မျိုးနှင့် သဘာဝဝါးတောများမှ ထုတ်လုပ်နိုင်မှု၊ စိုက်ပျိုးရေးနှင့် သစ်တောသစ်ပင်မှ biomass ထုတ်လုပ်နိုင်သည့်အခြေအနေနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်နိုင်မှု၊ သစ်တောပြန်လည်တည်ထောင်ရေး

(၁၀) နှစ်စီမံကိန်း အကောင်အထည်ဖော်သည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ခြင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှကြီးမှူးရှိ (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ အောက်တိုဘာ ၁ ရက်ကကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းက ဖတ်ကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း ပြေး(၄)ပြေးနှင့် ထိရောက်ကြိုတင်ကာကွယ်မှုအများဆုံး ဖမ်းဆီးနိုင်ခဲ့သည့် မြို့နယ်များ၊ မှုခင်းများကို အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိအောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ရဲတပ်ဖွဲ့ဝင်များနှင့် ရွှေ့ရွှေ့ချွဲချွဲတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင် ၁၈ ဦးတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ကာ ရဲတပ်ဖွဲ့၏လှုပ်ရှားမှုဓာတ်ပုံပြခန်းနှင့် မှုခင်းဓာတ်ပုံများကိုလည်း ပြည်နယ်ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပို့)**

သတင်းစဉ်

လူ့အခွင့်အရေးကို အခြေခံသော ချဉ်းကပ်ဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုနှင့်စပ်လျဉ်းသည့် ယေဘုယျသွင်ပြင်လက္ခဏာများဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ပူးပေါင်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုလုပ်ဆောင်ရာတွင် သဟဇာတဖြစ်၍ လူ့အခွင့်အရေးကိုအခြေခံသော ချဉ်းကပ်ဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုနှင့်စပ်လျဉ်းသည့် ယေဘုယျသွင်ပြင်လက္ခဏာများဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပို့)**

ဆွေးနွေးပွဲတွင် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Professor Dr. Amara Ponsapich၊ အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်ရေးကော်မရှင် မြန်မာကိုယ်စားလှယ်သံအမတ်ကြီး(ငြိမ်း) ဦးလှမြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ နိုင်ငံတကာပတ်ဝန်းကျင် ဥပဒေဆိုင်ရာဌာန အကြီးအကဲဖြစ်သူ Mr. Andrew Raine တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

✵ *ကျောဖုံးမှ*

ကျွန်တော်တို့က အဆင့် ၁၅၄ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကမ္ဘာ့ဘဏ်ရဲ့ အကြိုဆန်းစစ်ချက်လည်း ပေါ်လာပြီဖြစ်တဲ့အတွက် starting a business Score က ပိုပြီးတော့ ကျလာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ဒုတိယတစ်ချက်ကတော့ မြန်မာနိုင်ငံများကုမ္ပဏီဥပဒေပြဋ္ဌာန်းလိုက်ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်အရ အနည်းစု ရှယ်ယာပိုင်ဆိုင်မှုနဲ့ ဒါရိုက်တာများ ဆောင်ရွက်မှုအပိုင်းမှာ ကျွန်တော်တို့က ကုမ္ပဏီဥပဒေမှာ ပြဋ္ဌာန်းပြီးသားဖြစ်တဲ့အတွက် ဒါကိုလည်း ကမ္ဘာ့ဘဏ်က မှတ်တမ်းတင်အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ ဒါလည်း ထပ်မံကျသွားတာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဘဏ်ရဲ့ ပဏာမအစီရင်ခံစာအရ လာမယ့် ရင်းနှီးမြှုပ်နှံမှု အညွှန်းကိန်းဟာ ယခင်နှစ်ကထက် ပိုပြီးတော့ကောင်းလာမယ်လို့ မျှော်လင့်ပါတယ်”ဟု ဦးသန့်စင်လွင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူအောင် ဆောင်ရွက်နေမှုအဆင့် ၁၀၀ အောက်သို့ ရောက်ရှိလာရန် မျှော်မှန်းထားကြောင်း Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။

အဆင့် ၁၇၁ ၌သာ ဆက်လက် ရပ်တည်လျက်ရှိ

ကမ္ဘာ့ဘဏ်၏ Doing Business 2018 အစီရင်ခံစာအရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ရှိသည့်အနက် မြန်မာနိုင်ငံမှာ အဆင့် ၁၇၁ ၌ ရပ်တည်ခဲ့ပြီး အလားတူ Doing Business 2019 အစီရင်ခံစာအရ ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာနိုင်ငံမှာ အဆင့် ၁၇၁ ၌သာ ဆက်လက် ရပ်တည်လျက်ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူအောင် ဆောင်ရွက်နေမှုအဆင့်ကို ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၀၀၊ ၂၀၂၅ ခုနှစ်တွင် အဆင့် ၈၀၊ ၂၀၃၀ ပြည့်နှစ်တွင် အဆင့် ၆၀ နှင့် ၂၀၃၅ ခုနှစ်တွင် အဆင့် ၄၀ အတွင်း ရောက်ရှိရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းတွင် ဖော်ပြထားသည်။

Ease of Doing Business ဆောင်ရွက်ခြင်းဆိုသည်မှာ စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆောင်ရွက်ရန် လုပ်ငန်းအဆင့်အနည်းဆုံး၊ အချိန်အတိုဆုံးနှင့် ကုန်ကျစရိတ် အနည်းဆုံးဖြင့် လွယ်ကူစွာလုပ်ကိုင်နိုင်မှုကို ဆိုလိုခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများနှင့် အဓိကသက်ဆိုင်သော လုပ်ငန်း ၁၁ မျိုးဖြစ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊ အဆောက်အဦဆောက်လုပ်ခွင့်ရယူခြင်း၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ ချေးငွေရရှိနိုင်မှု၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ အခွန်ပေးဆောင်မှု၊ ပြည်ပ ကုန်သွယ်မှု၊ စာချုပ်စာတမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကြွေးမဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှုနှင့် အလုပ်သမား စီမံခန့်ခွဲမှုတို့ကို အခြေခံတိုင်းတာခြင်း ဖြစ်သည်။ **ငြိမ်းငြိမ်း**

၂၀၁၉ ခုနှစ်၊ ဧနှစ်ဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့သို့အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဧနှစ်ဝါရီလမှ ဩဂုတ်လအထိကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှု

စီးပွားရေးဇုန်

ကညင်ချောင်းစီးပွားရေးဇုန်စီမံကိန်း

- ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောမြို့၊ ကညင်ချောင်းစီးပွားရေးဇုန် A (၄၉.၅၈) ကေ တည်ဆောက်ခြင်းလုပ်ငန်းမှာ လုပ်ငန်းအားလုံး၏ (၈၂ %) ပြီးစီးပြီ ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Transaction Document ပါ စာချုပ်များဖြစ်သည့် Concession Agreement နှင့် Share-holders Agreement များ ချုပ်ဆိုနိုင်ရေး ညှိနှိုင်းခြင်းများဆောင်ရွက်လျက်ရှိပါသည်။ Environmental Impact Assessment (EIA)/Social Impact Assessment (SIA)နှင့် Geological & Topographical –G.T Survey ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံတကာစီမံကိန်းစီမံခန့်ခွဲမှုအကြံပေးအဖွဲ့ (International Project Management Consultant –PMC) ဌားရမ်းဆောင်ရွက်ခြင်းအဖြစ် ဩစတြေးလျနိုင်ငံအခြေစိုက် HATCH Pty Ltd. ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှု

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူလူထု ပိုမိုပါဝင်နိုင်ရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ	(၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ	(၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ	(၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ	(၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ
၇၅ ခု	၈၅ ခု	၇၃ ခု	၃၂ ခု	၄၆ ခု

- ဒေသစီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေရန် ပလီမြို့တွင် ဂျာမနီနိုင်ငံအခြေစိုက် Stiftunglife Foundation ၏ ပူးပေါင်းကူညီမှုဖြင့် "ပလပ်စတစ် ပြန်လည်သန့်စင် အသုံးပြုသောစက်ရုံ"ကို(၈-၁-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။
- ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ "Rakhine State Investment Fair 2019" ကို (၂၁-၂-၂၀၁၉) ရက်နေ့မှ (၂၃-၂-၂၀၁၉) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

ပလီမြို့တွင် "Rakhie State Investment Fair 2019" အခမ်းအနား ကျင်းပခြင်း

- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၅)ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၈)ခုတို့ ဆောင်ရွက်လျက်ရှိပါသည်။
- အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SME)လုပ်ငန်းရှင်များ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ဖြစ်ကြောင်း သက်ဆိုင်ရာဘဏ်များသို့ ထောက်ခံချက်ပေးလျက်ရှိရာ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ငန်းရှင်(၃၇)ဦးသို့ ထောက်ခံချက် ထုတ်ပေးခဲ့ပါသည်။

ခရီးသွားလုပ်ငန်း

- ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် "ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ"၊ မာန်အောင်ကျွန်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း ကြီးကြပ်ရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး

အလုပ်သမားမှတ်ပုံတင်ခြင်း

မှတ်ပုံတင်ခြင်း	ကျား(၄၆၁၈)ဦး	မ(၅၉၀၁)ဦး	စုစုပေါင်း (၁၀၅၁၉)ဦး
အလုပ်အကိုင်ရရှိ	ကျား(၆၀၆)ဦး	မ (၂၅၃)ဦး	စုစုပေါင်း (၈၅၉)ဦး
MobileTeam ဖြင့်မှတ်ပုံတင်ခြင်း	ကျား(၁၀၆)ဦး	မ(၅၂)ဦး	စုစုပေါင်း (၁၅၈)ဦး
အလုပ်အကိုင်ရရှိ	ကျား(၉၂)ဦး	မ (၄၂)ဦး	စုစုပေါင်း (၁၃၄)ဦး

သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု

အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ သင်ပုန်းတန်းကျေးရွာ၊ စစ်တွေမြို့

တစ်လုံးထိုး အင်္ကျီသင်တန်း အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေမြို့)

ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရရှိစေရန်အတွက် သင်တန်းများဖွင့်လှစ်ဆောင်ရွက်မှုအနေဖြင့် ယခုအစီရင်ခံသည့်ကာလတွင် သင်တန်းစုစုပေါင်း (၁၁၆)ကြိမ်ကို သင်တန်းသား (၂၉၆၉)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခင်ကာလများအလိုက်သင်တန်း ဖွင့်လှစ်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

စဉ်	သင်တန်းအမည်	(၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ	(၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ	(၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ	(၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ	(၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ
၁	ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော အသက်မွေးဝမ်းကျောင်းသင်တန်း	-	၄၆၇ ဦး (၂၀ ကြိမ်)	၈၉၃ ဦး (၂၈ ကြိမ်)	၃၇၀ ဦး (၂၇ ကြိမ်)	၇၂၆ ဦး (၁၁ ကြိမ်)
၂	အမျိုးသမီးဦးစားပေး အသက်မွေးဝမ်းကျောင်း သင်တန်း	၅၆၈ ဦး (၄၂ ကြိမ်)	၄၉၁ ဦး (၁၉ ကြိမ်)	၇၇၉ ဦး (၃၀ ကြိမ်)	၇၃၀ ဦး (၂၈ ကြိမ်)	၇၉၉ ဦး (၃၄ ကြိမ်)
၃	ငွေကြေး/စီးပွားရေး၊ ပညာပေးသင်တန်း	-	-	-	၁၄၆ ဦး (၆ ကြိမ်)	၁၉၈ ဦး (၁၀ ကြိမ်)
	စုစုပေါင်း	**၅၆၈ ဦး (၄၂ ကြိမ်)**	**၅၅၈ ဦး (၃၉ ကြိမ်)**	**၁၆၇၂ ဦး (၅၈ ကြိမ်)**	**၁၂၄၆ ဦး (၆၁ ကြိမ်)**	**၁၇၂၃ ဦး (၂၃ ကြိမ်)**

လမ်းပန်းဆက်သွယ်ရေး

သံတွဲ-ကင်းမော်လမ်းပေါ်ရှိ လက်ပံစုတံတား ပြီးစီးမှု

ပိန္နဲတောင်-ရမ်းဗြဲလမ်းပေါ်ရှိ ရမ်းသစ်ကြီးတံတားပြီးစီးမှု

- ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ဆဲတံတား(၂၀)စင်းနှင့် လုပ်ငန်းသစ်တံတား(၂၉)စင်း စုစုပေါင်းတံတား(၄၉)စင်း တည်ဆောက်လျက်ရှိရာ ပန်းဖဲချောင်းတံတား၊ လက်ပံစုတံတားနှင့် ရမ်းသစ်ကြီးတံတား(၃)စင်းမှာ (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။

၅ | စာမျက်နှာ

- ကင်းချောင်း၊ ပြွန်ရှည်၊ ကျောက်တန်း၊ ခရမ်းချောင်း၊ ရာမောင်၊ ခရုချောင်းစသည့်တံတားများအပါအဝင် တံတား(၄၆)စင်းမှာ (၅၀.၀၄%)ပြီးစီးပြီဖြစ်ပါသည်။
- မေယုတောင်ကျော်လမ်းများဖြစ်သည့် ကျောက်ပန္နဲ-အင်းဒင်-စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်းတို့အား လမ်းသစ်ဖောက်လုပ်ခြင်း၊ အမာခံလမ်းခင်းခြင်းနှင့် (၅၀')အောက် Box Culvert(၆၆စင်း)ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ကျောက်ပန္နဲ-အင်းဒင်-စေတီပြင်လမ်းဆောင်ရွက်နေမှု

မင်းပြားမြို့နယ်၊ အဝကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု

ဝမ်းမြို့နယ်၊ ရှောက်ကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု

- ကုန်ထုတ်လမ်း(၉)လမ်း (ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ အမ်း၊ သံတွဲနှင့် ဝမ်းမြို့နယ်)ကို (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- အလားတူကုန်ထုတ်တံတား (၂၂)စင်း (ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ သံတွဲ၊ ဝမ်းမြို့နယ်)ကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ

ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင်-

- ပုဂ္ဂလိကရေယာဉ်လိုင်း (၂၂)လိုင်း၊ မြစ်တွင်းသွား ကုန်တင်ရေယာဉ် (၅၁)စီး၊ မြင်းကောင်ရေ (၂၀)အထက် ကုန်တင်ရေယာဉ် (၉၀၃)စီး၊ မြင်ကောင်ရေ (၂၀)အောက် ကုန်တင်ရေယာဉ် (၅၉၁)စီးတို့ ပြေးဆွဲလျက်ရှိပါသည်။
- ကျပန်နိုင်ငံပြည်သူများက ပေးအပ်လှူဒါန်းသည့် ကျပန်ယန်း သန်း (၁၀၀၀)တန်ဖိုးရှိ ကမ်းရိုးတန်းသွား"ကန္ဆပနဒီ-၃"အမြန်ရေယာဉ်အသစ်သည် (၅-၄-၂၀၁၉)ရက်နေ့မှစ၍ စစ်တွေ-ကျောက်ဖြူခရီးစဉ်ကို ကမ်းရိုးတန်းလမ်းကြောင်းအတိုင်း တိုက်ရိုက်ပြေးဆွဲလျက် ရှိပါသည်။
- သဘော်၁၊ စက်လေ့များ၏ ပင်လယ်လုံခြုံမှု (Life Saving Appliance Certificate) အား (၁-၁-၂၀၁၉) ရက်နေ့မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ (၁၉၃) ကြိမ် ထုတ်ပေးနိုင်ခဲ့ပါသည်။
- ကားကြီး၊ ကားသေး (၂၅)စီးခန့် တင်ဆောင်နိုင်သော Landing Craft (၂၀၀' x ၅၀' x ၁၀') အရွယ် ရေယာဉ်(၁)စီးအား ရန်ကုန်မြို့ရှိ ဒဂုံဆိပ်ကမ်းသဘ်ာကျင်းတွင် တည်ဆောက်လျက်ရှိရာ ပြီးစီးပါက စစ်တွေ-မောင်တောကားလမ်းပေါ်ရှိ ရေချမ်းပြင်နှင့် အဝူမော်ကူးတို့လမ်းတွင် အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။

ကန္ဆပနဒီ - ၃ ရေယာဉ်

၆ | စာမျက်နှာ

မီးရထားသယ်ယူပို့ဆောင်ရေး

ပြည်တော်သာ-ရေချမ်းပြင်လမ်းဝိုင်း တာဘောင်ပြုပြင်ထားရှိမှုအခြေအနေ

စစ်တွေဘူတာ ခရီးသည်နားနေဆောင် ဆောင်ရွက်ပြီးစီးမှု

- ပြည်တော်သာ-ရေချမ်းပြင်လမ်းဝိုင်းနှင့် ကွမ်းတောင်-ကျောက်တော်လမ်းဝိုင်းတို့တွင် တာပေါင်နှင့် သံလမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး၊ ကျောက်တော်-မြောက်ဦးလမ်းဝိုင်းတွင် မြေသားတာဘောင် မြေပြန်လည်ညှိခြင်းလုပ်ငန်း(၃.၆၉)မိုင်နှင့် ဇောဂျာ-ရေချမ်းပြင် ဘူတာကြား တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါသည်။ အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စစ်တွေမီးရထားဘူတာ ခရီးသည်နားနေဆောင် အမိုးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို (၉-၈-၂၀၁၉)ရက်နေ့တွင် အပြီးဆောင်ရွက်ခဲ့ပါသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေး

- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ခရီးစဉ်များကို ပြည်တွင်းခရီးစဉ်အားလုံး၏ (၁၅.၅%) ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပြီး၊ (၄)လတာကာလများအလိုက် ပျံသန်းပို့ဆောင်ပေးနိုင်မှုကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-



၂ | စာမျက်နှာ

တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ

(၁-၁-၂၀၁၉)ရက်နေ့မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှုအနေဖြင့် (၁၅၂)ခု၊ Fibre Optic Cable (၂၈၀)ကီလိုမီတာ၊ အော်တိုတယ်လီဖုန်းလိုင်း (၆၀)ခု တိုးချဲ့ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စဉ်	အကြောင်းအရာ	(၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ	(၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ	(၁-၉-၂၀၁၈) မှ (၃၁-၁-၂၀၁၉) ထိ	(၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ	(၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ
၁	မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှု	၇၇ ခု	၆၇ ခု	၁၂၆ ခု	၉၄ ခု	၅၈ ခု
၂	Fibre Optic Cable	၈၄ Km	၁၂၃ Km	-	၁၈ Km	၂၆၂ Km
၃	စာတိုက်စခန်း	၂၈ ခု	-	၂ ခု	-	-
၄	အော်တိုတယ်လီဖုန်းလိုင်း	-	-	၁၇ ခု	၆၀ ခု	-
၅	ADSL Internet Line	၃၆၅ ခု		၁၂ ခု	-	-
၆	OK$ (Mobile Money)	-	-	ကျေးရွာ(၁၆)ရွာ	-	-

လျှပ်စစ်ကဏ္ဍ

- ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါင်း (၂၆) မြို့အနက် (၂၂) မြို့နယ်ရှိ အိမ်ထောင်စု (၁၁၂၅၆)စုမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိနေပြီး ကျန် (၄)မြို့ (ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲ၊ မာန်အောင်၊ မြင်းလွတ်)ကို အခြားနည်းလမ်း(ဒီဇယ်)ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးထားပါသည်။
- ယခင်က ရခိုင်ပြည်နယ်အတွင်း (၆၇.၀၃ %)လျှပ်စစ်မီးရရှိခဲ့ပြီး၊ ယခု အစီရင်ခံသည့်ကာလတွင် ကျိုက္ခလီနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု(၁၆၂၇)စုနှင့် စနဲမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု (၂၉၀)စုတို့ လျှပ်စစ်မီးရရှိရေး တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်၏(၆၇.၄၉%) လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသည်။

ကျိုက္ခလီမြို့အား ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးပေးခြင်း

စနဲမြို့အား ဓာတ်အားစနစ်မှဓာတ်အား စတင်ဖြန့်ဖြူးပေးခြင်း

၄ | စာမျက်နှာ

ဧင်ချောင်း-စနဲဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု

ဆတ်ရိုးကျဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု

စဉ်	မြို့နယ်	လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်း	ပြီးစီးမှု
၁	စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်အပါအဝင် ကျေးရွာ(၁၇)ရွာ ဓာတ်အားပေးရန်	၆၆ကေဗွီ ဓာတ်အားလိုင်း(၀.၆)မိုင်၊ ၆၆/၁၁ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း	၈၀ %
၂	အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာ ဓာတ်အားပေးရန်	၃၃/ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ၃၃/ကေဗွီလိုင်း (၄.၅၁) မိုင်	Transformer ဝယ်ယူရန် (၁၇-၆-၂၀၁၉) ရက်နေ့တွင် စာချုပ် ချုပ်ဆိုပြီး
၃	သံတွဲမြို့နယ်၊ ကျောက်ကြီးကျေးရွာအပါအဝင် ကျေးရွာ (၃၈)ရွာ ဓာတ်အားပေးရန်	၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ၆၆/ကေဗွီလိုင်း (၁၆.၆၇) မိုင်၊ ၁၁/ကေဗွီလိုင်း (၃၆) မိုင်၊ ၄၀၀ မို့လိုင်း (၁၆) မိုင်၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၄၄)လုံးတည်ဆောက်ခြင်း	Transformer နှင့် ဓာတ်အားလိုင်းပစ္စည်းများ ဝယ်ယူရန် (၁၇-၆-၂၀၁၉) ရက်နေ့တွင် စာချုပ် ချုပ်ဆိုပြီး
၄	ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ (၁၇) ရွာ ဓာတ်အား ပေးရန်	၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့်၊ ၆၆ ကေဗွီအေ ဓာတ်အား လိုင်းတည်ဆောက်ခြင်း	၅၈ % ပြီးစီး

ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မရသေးသော ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည် -

(၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ	(၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ	(၁-၉-၂၀၁၈) မှ (၃၁-၁-၂၀၁၉) ထိ	(၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉)ထိ	(၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ
ဆိုလာမီး (၈၀၉၂)စုံ တပ်ဆင်ရန်အတွက် တင်ဒါရွေးချယ်ခြင်း၊ စာချုပ် ချုပ်ဆိုခြင်း	ဆိုလာမီး (၂၆၀၈) စုံနှင့် ကျေးလက်မီးလင်းရေး (NEP)စနစ်ဖြင့် ဆိုလာမီး (၅၀၅၆)စုံ တပ်ဆင်ခြင်း	ပြန်လည်ထူထောင်ရေး ထပ်တိုးလုပ်ငန်းများအတွက် ဆိုလာမီး(၃၅၉)စုံနှင့် ကျေးလက်မီးလင်းရေး(NEP) စနစ်ဖြင့် ဆိုလာမီး(၆၉) စုံ တပ်ဆင်ပေးခဲ့ခြင်းနှင့် (၁၃၃၉၄)စုံ အတွက် ထပ်မံ စာချုပ် ချုပ်ဆိုခြင်း	ဆိုလာမီး (၁၃၃၉၄) စုံ တပ်ဆင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း	၂၀၁၉ ခုနှစ်၊ ဩဂုတ်လကုန်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ပစ္စည်းများရောက်ရှိ နေပြီဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် လမ်းလျှောက်ပွဲ ရန်ကုန်၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မဟတ္တမဂန္ဒီ၏ မွေးနေ့ဖြစ်သည့် ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဗိုလ်အောင်ကျော်လမ်းရှိ မဟတ္တမဂန္ဒီ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားနှင့် ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အမှာစကားများ ပြောကြားကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဿိအမှတ်ပြု ဂေါပကအဖွဲ့၏ မဟတ္တမဂန္ဒီ အထိမ်းအမှတ် ဂေါပကအဆောက်အအုံဆိုင်းဘုတ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်း အမှတ်ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်း အမှတ် လမ်းလျှောက်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့်အတူ လမ်းလျှောက်ပွဲကို တက်ရောက်လာကြသူများသည် ဗိုလ်အောင်ကျော်လမ်းမှစတင်၍ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ဗိုလ်အောင်ကျော်လမ်းစုရပ်သို့ စုပေါင်း လမ်းလျှောက်ကြသည်။

ရီရီမြင့်/ဓာတ်ပုံ-ဇော်မင်းလတ်

“အောင်ဆန်း” ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းများ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ရိုက်ကူး

ရန်ကုန် အောက်တိုဘာ ၂

“အောင်ဆန်း” ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ ပဲခူးဆောင်၌ ဆက်လက်ရိုက်ကူးလျက် ရှိကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကား၏ ဒါရိုက်တာ အကယ်ဒမီ ဦးလူမင်းက ပြောသည်။

ဒါရိုက်တာ ဦးလူမင်းက “ဒီနေ့ကတော့ “အောင်ဆန်း” ရုပ်ရှင်ရဲ့ ဒုတိယနေ့မြောက် ရိုက်ကွင်းပါ။ ဗိုလ်ချုပ်နေခဲ့တဲ့ ပဲခူးဆောင် ထမင်းစားခန်းမထဲမှာ ဗိုလ်ချုပ်နဲ့ သူငယ်ချင်းကိုညှိုမြတို့ စကားပြောတဲ့အခန်းကို ရိုက်နေတာပါ။ ရိုက်ကွင်းကတော့ ဒီနေ့အထိ အဆင်ပြေပါတယ်။ လိုအပ်ချက်ကလေးတွေကိုလည်း ဖြည့်ဆည်းရင်းနဲ့ လုပ်သွားပါတယ်။ ရှေ့ဆက်ပြီးတော့လည်း မျှော်မှန်းထားတဲ့အတိုင်း ပြီးစီးအောင်၊ ကောင်းမွန်အောင် အဘက်ဘက်က အားလုံးပိုင်းဝန်းပြီး လုပ်ဆောင်နေပါတယ်”ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ရိုက်ကွင်း ဒုတိယမြောက်နေ့အဖြစ် ရန်ကုန်တက္ကသိုလ်ရှိ ပဲခူးဆောင်၌ အဓိကသရုပ်ဆောင် ကျော်ကျော်မျိုးနှင့်အတူ ဇာတ်ပို့၊ ဇာတ်ရံများပါဝင်ကာ ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ် ကျောင်းသားဘဝက ပဲခူးဆောင်၌ နေထိုင်ခဲ့သည့်အကြောင်း ဇာတ်ဝင်ခန်းတချို့ကို ရိုက်ကူးနေခြင်း ဖြစ်သည်။

ရိုက်ကွင်းနှင့် ပတ်သက်၍ ဒါရိုက်တာ ဦးလူမင်းက “ကျော်ကျော်မျိုးအနေနဲ့ ဒီနေ့ကတော့ ပထမဆုံး ရိုက်ရတဲ့ သူ့ရဲ့ဇာတ်ဝင်ခန်းပါ။ သူကတော့ဗိုလ်ချုပ်ရဲ့စိတ်၊ ပြောဆိုတဲ့ လေယူ လေသိမ်းနဲ့ ရိုက်ကွင်းရဲ့ ဒိုင်ယာလော့ဂ်တွေအားလုံးကို ရပြီးသားဖြစ်နေတော့ အခက်အခဲမရှိပါဘူး။ သူ့ကို ကျွန်တော်တို့ အများကြီး သင်ကြားပေးထားပါတယ်။ ဇာတ်ကား ထွက်ရင်သိရမှာပါ”ဟု ပြောသည်။

ဆက်လက်၍ ၎င်းက “ရိုက်ကွင်း အစီအစဉ်ကတော့ အဘက်ဘက်က ချွင့်ချိန်ပြီး လုပ်ရတာပါ။ အားလုံး အဆင်ပြေမယ့် နေရာတွေ၊ အဓိက ကတော့ အဓိကသရုပ်ဆောင်ဖြစ်တဲ့ ကျော်ကျော်မျိုးရဲ့ဆံပင်ကို ရဲဘော သုံးကျိပ်စတဲ့ စစ်သားဘဝတွေ မရိုက်ခင်မှာ တက္ကသိုလ်ကျောင်းသားဘဝ ဆံပင်နဲ့ အခန်းတွေကို စရိုက်တာပါ။ နောက်ပိုင်းဆိုရင်တော့ သူ့ရဲ့ ဆံပင်တွေကိုညှပ်ရမှာပါ။ သူ့ရဲ့ ဆံပင်ကို အဓိကထားပြီးတော့ ရိုက်ကွင်း အစီစဉ်တွေကိုကြိုတင်ပြီးရေးဆွဲရတာ ဖြစ်ပါတယ်”ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ်၌ ရိုက်ကူးရာတွင် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ် ကျောင်းသားဘဝက ပဲခူးဆောင်၌ နေထိုင်ခဲ့သည့် အကြောင်းများနှင့် ထိုခေတ်အခါက ရန်ကုန်တက္ကသိုလ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်အခြေအနေ အကြောင်းအရာများကို ရိုက်ကူးသွားမည်ဖြစ်ပြီး ယင်းနေရာတွင် ရိုက်ကူးမှုပြီးစီးသွားပါက လွတ်လပ်ရေး ဆုံးရှုံးခဲ့စဉ်အချိန် ခေတ်ကာလ အပိုင်းအနည်းငယ်ကို မန္တလေး၊ အင်းဝဘက်တွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝကို ရေနံချောင်းနှင့် နတ်မောက်ဘက်တွင် လည်းကောင်း ဆက်လက်ရိုက်ကူးသွားမည် ဖြစ်သည်။

ယင်းရုပ်ရှင် ဇာတ်ကားကို ငါးလတာအချိန်အတွင်း ရိုက်ကူးပြီးစီးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်စေရေးတို့အတွက် ကြိုးစားရိုက်ကူးလျက်ရှိကြောင်း ဒါရိုက်တာ ဦးလူမင်းက ဆိုသည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဖော်

စပွန်ဆာရုပ်ရှင်ဇာတ်ကားနှင့် အမျှ အမျှ ...ရုပ်ရှင်ဇာတ်ကားတို့ကို အောက်တိုဘာ ၃ ရက်တွင် ပြိုင်တူရုံတင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၂

“စပွန်ဆာ” ရုပ်ရှင်ဇာတ်ကားနှင့် “အမျှ..အမျှ...” ရုပ်ရှင်ဇာတ်ကားတို့ကို အောက်တိုဘာ ၃ ရက်မှစတင်၍ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင် ရုံပေါင်း ၆၇ ရုံတွင် ပြိုင်တူရုံတင်ပြသသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံနှင့် Junction City ၊ JCGV အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ယမန်နေ့ည၌ပိုင်းက ကျင်းပသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

ဒါရိုက်တာ စတီး

သရုပ်ဆောင် အကယ်ဒမီ နေတိုး

“စပွန်ဆာ” ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်လမ်း လုံမ၊ ဇာတ်ညွှန်း သက်ဦးမောင်၊ ဒါရိုက်တာ အောင်ဇော်လင်း၊ သရုပ်ဆောင် အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ဇင်ဝိုင်း၊ ရဲလေး၊ ပိုင်ဖြိုးသု၊ မြတ်ကေသီအောင်၊ ကျော်ကျော်၊ ဝါဝါအောင်၊ ချောကလျာ၊ ခိုင်သဇင်ဦး၊ သန္ဓာမြင့်မိုရ်နှင့် အနုပညာရှင်များစွာတို့က ပါဝင်သရုပ်ဆောင်ထားပြီး နယူးဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားသည်။

“မိဘ၊ ညီအစ်ကိုမောင်နှမတွေရဲ့ မေတ္တာတရားကို အခြေခံထားတဲ့ ဇာတ်ကားတစ်ကားပါ။ စပွန်ဆာဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုအတွက် ပြေလည်အောင် ဆုံးဖြတ်တဲ့အချိန်မှာ ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ Title လေးပါ” ဟု သရုပ်ဆောင် အကယ်ဒမီ နေတိုးက ပြောသည်။

“အမျှ အမျှ...” ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်း မောင်မြတ်ဆွေ၊ ဒါရိုက်တာ စတီး၊ သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ လင်းဇာနည်ဇော်၊ ကလေးသရုပ်ဆောင် ချစ်စန်းနှင့် ယွန်းမေတို့ ပါဝင်ပြီး R Square ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူး ထုတ်လုပ်ထားကြောင်း သိရသည်။

သန့်ဇင်ဝင်း

အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် Myanmar Film Festival 2019 တွင် မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၂

Myanmar Film Festival 2019 ကို အိန္ဒိယနိုင်ငံ ချန်နိုင်း မြို့တွင် အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပမည် ဖြစ်ပြီး အဆိုပါပွဲတော်တွင် မြန်မာနိုင်ငံမှ “ဥပါဒါန်”နှင့် “မနောမြေမှကျောက်စိမ်းကမ္ဘာ”ရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို အိန္ဒိယနိုင်ငံရှိ The Madras Film Society နှင့် ချန်နိုင်းမြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး The Madras Film Society သည် လူမှုရေးရာတွင် တက်ကြွစွာ ဆောင်ရွက်သူ လွတ်တော်အမတ်ဟောင်း Mrs. Ammu Swaminathan က ဦးဆောင်ကာ ၁၉၅၇ ခုနှစ်တွင် တည်ထောင်ခဲ့သော အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး ရုပ်ရှင်အဖွဲ့အစည်းဖြစ်သည်။

ယင်းပွဲတော်သည် နိုင်ငံခြားရုပ်ရှင်ကားများပြသမှုကို အားပေးပြီး ဂျပန်၊ ထိုင်း၊ ကိုရီးယားနှင့် ရုရှားရုပ်ရှင် ဇာတ်ကားများကိုလည်း ပြသခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု များပြားလာသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ဇာတ်ကားများ ပါဝင်လာသဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စွာ(FDC)

မြစ်ကြီးနား၌ ရေခဲသေတ္တာမီးဖြတ်စက် အပူလွန်ကဲရာမှ နေအိမ်သုံးလုံး မီးလောင်

မြစ်ကြီးနား အောက်တိုဘာ ၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၄)ရှိ ဒေါ်နန်းမွန်း(၆၄ နှစ်)၏ နေအိမ်၌ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က မီးဖိုဆောင်တွင် တပ်ဆင်အသုံးပြုသည့် ရေခဲသေတ္တာ မီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားသဖြင့် ဒေါ်နန်းမွန်း၏ နှစ်ထပ် နေအိမ်တစ်လုံး၊ ဦးတက်နေလင်း၏ နှစ်ထပ်နေအိမ် တစ်လုံးနှင့် ဦးရောက်ဖူ၏ နှစ်ထပ် နေအိမ်တစ်လုံးတို့ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း ပြည်နယ်မီးသတ် ဦးစီးဌာနမှ သိရသည်။

မီးငြိမ်းသတ်နိုင်ခဲ့

မီးလောင်ရာနေရာသို့ ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင် ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ နယ်မြေလုံခြုံရေးရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့် ပိုင်းဝန်း ငြိမ်းသတ်မှုကြောင့် **(ယာပုံ)** နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မြန်မာ့ရုပ်မြင်သံကြား

၃-၁၀-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၉:၃၀ – လှပစုံလင် အာဆီယံတစ်ခွင်
၁၁:၃၀ – ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ "ကျွန်မအိမ်ရှင်မ"
၁၂:၃၅ – "ဥယျာဉ်နန်းကပန်းသခင်"
၁၅:၀၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၁၈)

ညပိုင်း

၁၆:၃၅ – Soccer View
၁၇:၀၅ – NHK အစီအစဉ် "Quiz Me Science" (ကျွန်တော်တို့ဘဝ ထဲကသိပ္ပံ)
၁၉:၂၀ – "စေ့ညှိနှံရာ" (နေဒွေး၊ ချစ်စနိုးဦး၊ မောဘရာဏီသော်၊ ဖူးပွင့်သခင်) (ဒါရိုက်တာ-ကျော်နှင်းဆီ)
၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ – မူးယစ်အန္တရာယ် ရှောင်ကြဉ်ဖွယ်
၂၀:၃၅ – "မြို့ငြိမ်မြို့မှ မနောရမ္မာရွှေ ကျောင်းတော်ကြီးဆီသို့"
– "အဖြူရောင်ရေခွက်လေးရဲ့ ဒိုင်ယာရီ" (မင်းသူ၊ ထူးခန့်ကျော်၊ ခင်ဖြူဖြူသန့်၊ သီရိဖြူစင်) (ဒါရိုက်တာ-စေတနာမောင်)
– သမိုင်းကိုဖော်ပြသော ဝါကျများ "လူရွှင်တော်ကြီး ဦးပလာတာ"

✳ *ကျောဖုံးမှ*

ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် ၁၅ မိနစ်တွင် ကင်မစ်က ဘိုင်ယန်အတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီးပွဲချိန် ၄၅ မိနစ်တွင် လီဝမ်ဒေါ စကီး၏သွင်းဂိုးဖြင့် ဘိုင်ယန်တို့ ပြန်လည်ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဘိုင်ယန်အတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်၊ ၅၅ မိနစ်နှင့် ၈၃ မိနစ်တွင် ဂနာဘရီက ဟက်ထရစ် သွင်းယူခဲ့ပြီး စပါးအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် ဟယ်ရီကိန်းက ပင်နယ်တီသွင်းယူခဲ့သည်။ ဧည့်သည် ဘိုင်ယန်မြူးနစ်အတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၈၇ မိနစ်တွင် လီဝမ်ဒေါစကီးကသွင်းယူခဲ့ပြီး ဘိုင်ယန်မြူးနစ်အတွက် နောက်ဆုံးဂိုးကို ပွဲချိန် ၈၈ မိနစ်တွင် ဂနာဘရီက ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဘိုင်ယန်မြူးနစ်သည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အနက် ၁၀ ကြိမ် ဂိုးပေါက်ခြင်းခြောက်နိုင်ခဲ့ကာ အိမ်ရှင်စပါးအသင်းသည် ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်ရရှိခဲ့ပြီး ရှစ်ကြိမ် ဂိုးပေါက်ခြင်းခြောက်နိုင်ခဲ့သည်။ အုပ်စု(ခ)တွင် ကျရောက်ခဲ့သည့် ဘိုင်ယန်မြူးနစ်နှင့် စပါးတို့သည် ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်အပြီးတွင် ရမှတ်ခြောက်မှတ်ဖြင့် ဘိုင်ယန်ကဇယားထိပ်တွင် ဦးဆောင်နေပြီး စပါးသည် တစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ်တစ်မှတ်သာ ရရှိထားသည်။ ယင်းအုပ်စုတွင် ဇက်ဗက်ဒါက ရမှတ်သုံးမှတ်နှင့် အိုလံပီယာကို့စ်က တစ်မှတ်ရရှိထားသည်။

ချန်ပီယံလိဂ်အခြားပွဲစဉ် ရလဒ်များအဖြစ် စပိန်မြေတွင် ရီးရဲမက်ဒရစ်နှင့် ကလပ်ဘရူတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီး ရုက်တာဦးနက်ခ်က အတ္တလန္တာကို နှစ်ဂိုး-တစ်ဂိုး၊ အက်သလက်တီကိုက လိုကိုမိုးတစ်မော်စကိုကို နှစ်ဂိုး-ဂိုးမရှိ၊ ဇက်ဗက်ဒါက အိုလံပီယာကို့စ်ကို သုံးဂိုး-တစ်ဂိုး၊ မန်စီးတီးက ဒိုင်နမိုဇာဂရက်ဂ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျူဗင်တပ်စ်က လေဗာကူဆင်ကို သုံးဂိုး-ဂိုးမရှိ၊ ပီအက်စ်ဂျီက ဂါလာတာစာရေးကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သီဟ

● *ကျောဖုံးမှ*

ယင်းမဲခွဲပွဲတွင် အုပ်စုပုံစံဖြင့် ကျင်းပမည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ Floor-ball ၊ Handball ၊ Netball စသည့် အားကစားနည်းများအတွက် အုပ်စုများ မဲနှိုက်ရေးဆွဲမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပုံစံဖြင့် ကျင်းပမည့် အားကစားနည်းအများစုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘောလုံးအားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံး၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်း ဘောလုံးပြိုင်ပွဲအနက် အမျိုးသား ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်၊ အမျိုးသမီးပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အမျိုးသား ဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ခြောက်သင်းတစ်အုပ်စုနှင့် ငါးသင်းတစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုမခွဲရန် သတ်မှတ်ချက်အရ အိမ်ရှင်ဖိလစ်ပိုင် အသင်းက အုပ်စု (က)၊ လက်ရှိချန်ပီယံ ထိုင်းအသင်းက အုပ်စု (ခ) တွင် ထားကာ အခြားအသင်းများကို မဲနှိုက် ရေးဆွဲမည်ဖြစ်သည်။ အခြားအသင်း များအား မဲနှိုက်ရေးဆွဲရန် ဆီဒင် သတ်မှတ်ရာတွင် Pot-1 ၌ မလေးရှား နှင့် အင်ဒိုနီးရှား၊ Pot-2 ၌ မြန်မာနှင့် စင်ကာပူ၊ Pot-3 ၌ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအို၊ တီမောနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၁၇ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သောကြောင့် Pot-2 တွင် ပါဝင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၇ ပြိုင်ပွဲတွင် မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ လာအိုတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ အမျိုးသမီး ဘောလုံးပြိုင်ပွဲကိုမူ ပြိုင်ပွဲဝင်အသင်း များအပေါ်မူတည်၍ ပြိုင်ပွဲပုံစံ သတ်မှတ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများပါက အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်းနည်းပါက ပတ်လည်စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။ ၂၀၁၇ ပြိုင်ပွဲကို ပတ်လည် စနစ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာအသင်းက တတိယဆုရရှိခဲ့သည်။

မြန်မာဘောလုံးအသင်းများသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ပြိုင်ပွဲအကြို ခြေစမ်းပွဲနှင့် ဖိတ်ခေါ်ပွဲများ ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသားအသင်းကို ပိုပျော်ဗစ် (ဘူလ်ဂေးရီးယား)၊ အမျိုးသမီးအသင်းကို ဦးဝင်းသူမိုး (မြန်မာ) တို့က ကိုင်တွယ်နေသည်။ **ညီမြတ်သော်တာ**

တိုက်ကြီးမြို့နယ်၌ တောဆင်ရိုင်း ထိုးသတ်ခံထားရသော ဆင်သေတစ်ကောင်တွေ့ရှိ

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၌ အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီခွဲခန့်က ဖလုံဘူတာကျေးရွာအုပ်စု ကွမ်းသီးမြောင်ကျေးရွာ၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ မာဂရီသစ်တောကြိုးပိုင်းအကွက်အမှတ်(၈)၊ တောင်လှိုင်ရိုးမသစ်တောကြိုးပိုင်း အကွက်အမှတ်(၂)နှင့် (၂၈)ဆုံရာ နယ်စပ်တွင် ဆင်တစ်ကောင် သေဆုံးနေကြောင်းသိရသဖြင့် အခင်းဖြစ်ရာနေရာသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဖလုံဘူတာရဲကင်းမှ တာဝန်ခံနယ်ထိန်းနှစ်ဦး၊ သစ်ထုတ်လုပ်ရေး နယ်စည်းတာဝန်ခံ ဦးဇေယျကျော်နှင့် ဆင်ဆရာဝန် ဦးဖြိုးသူအောင်တို့က သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသည့်ဆင်သည် သာယာဝတီ သစ်ထုတ်လုပ်ရေးမှ စက်တင်ဘာ ၂၈ ရက်တွင် ပျောက်ဆုံးသွားပြီး ဆင်နံပါတ်(၆၆၈၃)၊ အလျား ၇ ပေ ၃ လက်မ၊ အမြင့် ၇ ပေ ၅ လက်မ၊ အစွယ်လုံးပတ် ၉ လက်မ၊ အမြီး ၄ ပေ၊ အစွယ်(ဘယ်) ၁ ပေ ၆ လက်မ၊ အစွယ်(ညာ) ၁ ပေ ၅ လက်မ၊ ဆင်ထီးစွယ်စုံဖြစ်ကြောင်းနှင့် ဆင်ဆရာဝန်၏ စစ်ဆေးတွေ့ရှိချက်အရ တောဆင်ရိုင်းထိုးသတ်ခံထားရခြင်း ဖြစ်ပြီး အူပွင့်ထွက်သေဆုံးနေခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ယင်းဆင်သေ၏အစွယ်များကိုဖြတ်တောက်၍ မြို့နယ်သစ်တောဦးစီးဌာနက ထိန်းသိမ်းထားလျက်ရှိပြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ယနေ့ နံနက်ပိုင်းတွင် ဆင်သေကို မီးရှို့ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

လမ်းဖြတ်ကူးသူအမျိုးသားတစ်ဦး ယာဉ်တိုက်ခံရသောကြောင့် သေဆုံး

လှည်းကူး အောက်တိုဘာ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် အောက်တိုဘာ ၂ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က ရန်ကုန်-ပဲခူးလမ်းအတိုင်း (လှည်းကူးဘက်မှ ထောက်ကြန့်ဘက်) အရှေ့မှအနောက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင် လာသောယာဉ်သည် ရဲမွန်ကျေးရွာ ဘုန်းကြီးကျောင်းရှေ့ မှတ်တိုင်အနီး အရောက်တွင် မြောက်မှတောင်သို့ လမ်းဖြတ်ကူးသူ ဦးမောင်ချစ် (၅၉ နှစ်) ကို တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားသဖြင့် ယာဉ်တိုက်ခံရသူ ဦးမောင်ချစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား လှည်းကူးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် တောင်တက် အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ရွှေလီ အောက်တိုဘာ ၂

မြန်မာနိုင်ငံ မူဆယ်-တရုတ်နိုင်ငံ ရွှေလီနယ်စပ်ဖြတ်ကျော် တောင်တက်အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က တရုတ်နိုင်ငံ ရွှေလီမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း နှစ်(၇၀)ပြည့်မြောက် ပျော်ရွှင်ပွဲတော်နှင့် (၁၉)ကြိမ်မြောက် မြန်မာ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ်ပွဲအဖြစ် မြန်မာနိုင်ငံ မူဆယ်-တရုတ်နိုင်ငံ ရွှေလီမြို့ နှစ်မြို့ နယ်စပ်ဖြတ်ကျော် တောင်တက်အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို တရုတ်နိုင်ငံသားများနှင့်အတူ မြန်မာနိုင်ငံမှ စက်ဘီးစီး အားကစားသမားများနှင့် နိုင်ငံတကာမှ စက်ဘီးစီး အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံ နှစ်မြို့ နယ်စပ်ဖြတ်ကျော် စက်ဘီးစီး ပြိုင်ပွဲကို ရွှေလီမြို့ ရွှေလီကမ်းစပ်လွင်ပြင်မှ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စတင်တာထွက်ကာ နှစ်နိုင်ငံနယ်စပ်ဂိတ် ဖြစ်သည့် ကျယ်ဂေါင် ရွှေနန်းတော် လူဝင်လူထွက် ဂိတ်ပေါက်များမှတစ်ဆင့် မူဆယ်မြို့တွင်း သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ဖြတ်ကျော်၍ ဆင်ဖြူဂိတ်ပေါက်မှ တရုတ်နိုင်ငံသို့ပြန်လည်ဝင်ရောက်ပြီး ရွှေလီ တိုင်းရင်းသားရင်ပြင်၌ ပန်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း နှစ် (၇၀) မြောက် ပျော်ရွှင်ပွဲတော်နှင့် (၁၉) ကြိမ်မြောက် မြန်မာ- တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အထိမ်းအမှတ်ပွဲတော်ကို စက်တင်ဘာ ၃၀ ရက်မှစတင်ကာ အောက်တိုဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

အမေရိကန်နှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ မြောက်ကိုရီးယားက ဒုံးကျည်ပစ်လွှတ်စမ်းသပ်

ဆိုးလ် အောက်တိုဘာ ၂

အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား အလုပ်သဘောဆွေးနွေးမှုများကို အောက်တိုဘာ ၅ ရက်တွင် ပြုလုပ်မည်ဟု ကြေညာပြီး နာရီပိုင်းအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံက နောက်ထပ် ရေပြင်မှ မြေပြင်ပစ် ဒုံးကျည်ဟု ယူဆရမည့် ဒုံးကျည်တစ်စင်းကို ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး

မြောက်ကိုရီးယား ဒုံးကျည်တစ်စင်း ပစ်လွှတ်စမ်းသပ်နေသည်ကို တွေ့ရစဉ်။

ကဏ္ဍမဖွင့်လှစ်မီ သေနင်္ဂဗျူဟာအနည်းငယ် ခင်းကျင်းပြသလိုက်သည့်အတွက် အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှု အပေါ် အကြိတ်အနယ်လုပ်ဆောင်ရမည့် သဘောတွေ့ရသည်။

ဒုံးကျည်သည် ယနေ့ နံနက်ပိုင်းက ပစ်လွှတ်လိုက်သည့် နေရာမှ ကီလိုမီတာ ၄၅၀ အကွာ ဂျပန်ပင်လယ်ပြင်ထဲသို့ ကျရောက်ခဲ့ကြောင်းနှင့် အမြင့် ၉၁၀ ကီလိုမီတာအထိ ပျံသန်းခဲ့ကြောင်း။ အဆိုပါဒုံးကျည်သည် ရေပြင်မှ မြေပြင်ပစ် ဒုံးကျည်အမျိုးအစား (အက်စ်အယ်လ်ဘီအမ်) ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားက လတ်တလောတွင် အကောင်အထည်ဖော်နေဖွယ်ရှိသည့် ရေငုပ်သင်္ဘော တစ်စင်းပေါ်မှ ပစ်လွှတ်လိုက်ဖွယ်ရှိကြောင်း တောင်ကိုရီးယားဘက်က ပြောသည်။

ယခုလို ဆောင်ရွက်ခြင်းက ကိုရီးယားကျွန်းဆွယ်တင်းမာမှုအပေါ် ဖြေလျှော့နိုင်မည်မဟုတ်ကြောင်းနှင့် မြောက်ကိုရီးယား၏ လုပ်ရပ်ကို ချက်ချင်း ရပ်တန့်ရန် တောင်ကိုရီးယားစစ်ဘက်က ပြောကြားလိုက်သည်။

ယခုကဲ့သို့ ဒုံးကျည်စမ်းသပ်မှုမျိုးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ပထမဆုံးအကြိမ်အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ ထိုစဉ်က ဒုံးကျည်သည် ဂျပန်နိုင်ငံအထိ ကီလိုမီတာ ၅၀၀ ခန့် ပျံသန်းခဲ့ပြီး မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက ဦးဆောင်ကြီးကြပ်ခဲ့သည်။ ယခုအခါတွင် ပစိဖိတ်သမုဒ္ဒရာရှိ ရေငုပ်သင်္ဘော အမေရိကန်ပြည်ထောင်စုကို ပစ်ခတ်နိုင်သည်အထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်။

မြောက်ကိုရီးယား မီဒီယာက ဇူလိုင်လတွင် ပုံနှိပ်ထုတ်ဝေဖော်ပြသော ဓာတ်ပုံများထဲ၌ မြောက်ကိုရီးယား ခေါင်းဆောင် ကင်သည် ရေငုပ်သင်္ဘောအသစ်တစ်စင်းကို ကြည့်ရှုစစ်ဆေးနေကြောင်းနှင့် ၎င်းက မြောက်ကိုရီးယား အနေဖြင့် ရေငုပ်သင်္ဘောပစ် ဒုံးကျည်ကို စမ်းသပ်နေသည်ဟု ထင်မြင်စေကာ ဒေသတွင်းစိုးရိမ်မှုများကို မြင့်တက်စေကြောင်း သိရသည်။

ယခုပစ်လွှတ်လိုက်သည့် ဒုံးကျည်အမျိုးအစားသည် တာလတ်ပစ် ဒုံးကျည်အမျိုးအစားဖြစ်ကာ ကီလိုမီတာ ၂၀၀၀ အထိ ပစ်ခတ်နိုင်ကြောင်း သိရသည်။ အမေရိကန် ပြည်ထောင်စုက ကိုရီးယားကျွန်းဆွယ်အရေးအနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

သတင်းထောက် ခါရှော့ဂီ အသတ်ခံရမှုအတွက် တာဝန်ယူမည်ဖြစ်သော်လည်း ယင်းကိစ္စကို အမိန့်ပေးခဲ့ခြင်းမရှိဟု ဆော်ဒီအိမ်ရှေ့မင်းသား ငြင်းဆန်

ရီယာဒ် အောက်တိုဘာ ၂

ဆော်ဒီတော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် ဆော်ဒီသတင်းသမား ဂျမဲလ်ခါရှော့ဂီအသတ်ခံရမှုအတွက် အပြည့်အဝတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သော်လည်း ခါရှော့ဂီအား သတ်ရန် ၎င်းက အမိန့်ပေးညွှန်ကြားခဲ့သည်ဆိုသော စွပ်စွဲချက်များကိုမူ ငြင်းဆန်လိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မိနစ် ၆၀ စာ ရုပ်သံထုတ်လွှင့် တင်ဆက်မှုတွင် ဆော်ဒီတော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က ခါရှော့ဂီအသတ်ခံရမှုသည် ကောက်ကျစ်ယုတ်မာသည့် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ယင်းကိစ္စတွင် ၎င်းအနေဖြင့် ဆော်ဒီအာရေဗျကို ဦးဆောင်နေသူတစ်ဦးဖြစ်သည့်အလျောက် တာဝန်အပြည့်အဝယူခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ခါရှော့ဂီ အသတ်ခံရမှုတွင် ဆော်ဒီအစိုးရအတွက် အလုပ်လုပ်ပေးနေသည့် ပုဂ္ဂိုလ်များက ကျူးလွန်ခြင်းဖြစ်သောကြောင့် တာဝန်ယူခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝါရှင်တန်ပို့စ် သတင်းစာခေါင်းကြီးပိုင်း၌ ၎င်းအားဝေဖန်ရေးသားခဲ့သူ တစ်ဦးတစ်ယောက်က အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် သတင်းထောက်ခါရှော့ဂီကို သတ်ရန် အမိန့်ပေးခဲ့သလားဟု မေးမြန်းခဲ့ရာ ၎င်းကလုံးဝ မဟုတ်ကြောင်း ဖြေကြားခဲ့သည်။

ဆော်ဒီသတင်းထောက် ခါရှော့ဂီသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက်က တူရကီရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်းသို့ ဝင်ရောက်သွားခဲ့ပြီးနောက်တွင် ပျောက်ဆုံးသွားခဲ့သည်။ ဆော်ဒီအစိုးရအဖွဲ့၏ အေးဂျင့်များက ၎င်းကိုသတ်ဖြတ်ကာ အလောင်းကိုဖျောက်ဖျက်လိုက်ခြင်းဖြစ်ကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။ ခါရှော့ဂီ အသတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသည်ဟု သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးထိန်းသိမ်းကာ ကြားနာစစ်ဆေးလျက်ရှိသည်။ ၎င်း၏အလောင်းကိုမူ ယခုအချိန်အထိ ရှာမတွေ့သေးပေ။

အေအက်ဖ်ပီ

ဆော်ဒီတော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်

အမေရိကန်-တရုတ်ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆိုင်ရာ ပြန်လည်ဆွေးနွေး

ဝါရှင်တန် အောက်တိုဘာ ၂

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် လာမည့်ရက်သတ္တပတ်ထဲတွင် ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အရာရှိများက အောက်တိုဘာ ၂ ရက်က ပြောကြားလိုက်သည်။

အမေရိကန်ဘက်က တရုတ် ဒုတိယဝန်ကြီးချုပ် လျူဟဲနှင့် အောက်တိုဘာ ၁၀ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် ကုန်သွယ်ရေးအကြံပေး ပီတာနာဗာရို က အောက်တိုဘာ ၂ ရက်တွင် ဖောက်စ်သတင်း အစီအစဉ်သို့ ပြောကြားလိုက်သည်။

နှစ်နိုင်ငံဆွေးနွေးမှုများ လွန်ခဲ့သည့် ဇူလိုင်လက ရှန်ဟိုင်းတွင် အဆုံးသတ်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ဝန်ကြီးအဆင့် ဆွေးနွေးမှုများ ပြန်လည်စတင်ခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။ လူ့ူဟဲကလည်း အမေရိကန် ကုန်သွယ်ရေးအကြီးအကဲ ရောဘတ်လိုက်သင်ဇာနှင့် တွေ့ဆုံသွားရန် မျှော်လင့်ထားကြောင်း သိရသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံ

အမေရိကန် ကုန်သွယ်ရေးအကြီးအကဲ ရောဘတ်လိုက်သင်ဇာ (ဝဲ)၊ ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နူးချင် (လယ်)၊ နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲ (ယာ) တို့ကို တွေ့ရစဉ်။

တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ခွန်များ တိုးမြှင့်ကောက်ခံလျက်ရှိရာ ယခုအခါတွင် ကုန်သွယ်ရေးအငြင်းပွားမှုက နှစ်နိုင်ငံစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံကို အမေရိကန်လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူရန် တိုက်တွန်းမှုများလုပ်ဆောင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ နှစ်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်များကလည်း အဆိုပါအခြေအနေအပေါ် ဦးစားပေး ဆွေးနွေးသွားဟန်ရှိကြောင်း သိရသည်။

သို့သော်လည်း သမ္မတထရမ့်အစိုးရအဖွဲ့အတွင်းရှိ တချို့သဘောထားတင်းမာသူများက တရုတ်နိုင်ငံ၏ ဥာဏ်မူပိုင်ခွင့်ဆိုင်ရာ ချိုးဖောက်မှုများအပေါ် လွှမ်းခြုံနိုင်သည့် ဘက်စုံသဘောတူညီမှုမျိုးကို လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။

အင်နန်အိတ်ချ်ကေ

ဟောင်ကောင်၌ ဆန္ဒပြကျောင်းသားတစ်ဦး သေနတ်ပစ်ခတ်ခံရပြီးနောက် ဆန္ဒပြသူများစုဝေး

ဟောင်ကောင် အောက်တိုဘာ ၂

ဟောင်ကောင်၌ အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့သည့် လူထုစုဝေးချီတက်မှုအတွင်း ကျောင်းသားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရာနှင့်ချီသည့် ဆန္ဒပြပြည်သူများသည် အဆိုပါ ကျောင်းသား တက်ရောက်နေသည့် အထက်တန်းကျောင်း၌ ချီတက်စုဝေးခဲ့ကြကြောင်း သိရသည်။

တရုတ်ပြည် သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းအထိမ်းအမှတ် နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့တွင် ဟောင်ကောင်ရှိ ဒီမိုကရေစီလိုလားသည့် ဆန္ဒပြပြည်သူများ စုဝေးချီတက်ခဲ့ကြစဉ်အတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားပုံမှာ အသက် ၁၈ နှစ်အရွယ်ကျောင်းသားတစ်ဦးသည် ရဲများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ၎င်းကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ အဆိုပါ ကျောင်းသားသည် ရင်ဘတ်၌ ကျည်ဆန်ထိမှန် ဒဏ်ရာရခဲ့ပြီး ကျည်ဆန်ကို ထုတ်ယူရန် ခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် အရေးပေါ်အခြေအနေမှ ပြန်လည်တည်ငြိမ်မှုရရှိခဲ့ပြီဖြစ်ကြောင်း ဒေသမီဒီယာကဖော်ပြသည်။

ထို့နောက် အောက်တိုဘာ ၂ ရက်တွင် ၎င်း၏အတန်းဖော်သူငယ်ချင်းများနှင့် ဘွဲ့ရကျောင်းသားများသည် ၎င်းတက်ရောက်နေသည့် ကျောင်းသို့ စုဝေးချီတက်ခဲ့ကြပြီး ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုကို ဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြရာတွင် ၎င်းတို့၏ လက်ကို ရင်ဘတ်ပေါ်တွင် တင်ထားကာ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည့် ကျောင်းသားနှင့်အတူ ရပ်တည်ကြောင်း ဖော်ပြခဲ့ကြသည်။ ထို့ပြင် ကျောင်းသားအတွက် ထောက်ပံ့ကြေးငွေပေးရန် တောင်းဆိုခဲ့သည်။

အင်နန်အိတ်ချ်ကေ

ဆန္ဒပြကျောင်းသားအချို့ကို တွေ့ရစဉ်။

လာရောက်မဲပေးသူ လျော့နည်းလာသော်လည်း အကြိတ်အနယ်ဖြစ်နေကြတဲ့ အာဖဂန်ရွေးကောက်ပွဲ

ခြူးစန်ဒိန်းနွေး

အာဖဂန်နစ္စတန်မှာတော့ ဖောက်ခွဲမှုတွေပြုလုပ်နေတဲ့ကြားကနေ ရွေးကောက်ပွဲကို မရမကပဲ ကျင်းပခဲ့ပါတယ်။ အခုတစ်ကြိမ် ရွေးကောက်ပွဲမှာတော့ တာလီဘန်တို့ကိုဖြုတ်ချပြီးကတည်းက ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေကြားမှာ လာရောက်မဲထည့်သူအနည်းဆုံးလို့ ပြောလို့ရမယ့် ရွေးကောက်ပွဲပါပဲ။

အသီးသီးကြေညာ

သမ္မတရွေးကောက်ပွဲရဲ့ ပြိုင်ဘက်တွေကတော့ အနိုင်ရတယ်ဆိုပြီး အသီးသီးကြေညာခဲ့ကြပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံရဲ့ အမှုဆောင်အရာရှိကြီးဖြစ်တဲ့ အဗ္ဒူလာအဗ္ဒူလာကတော့ သူဟာရွေးကောက်ပွဲမှာ အပြတ်အသတ်ပဲအနိုင်ရလိုက်တယ်လို့ သတင်းထောက်တွေကို ပြောပါတယ်။ အဗ္ဒူလာကတော့ ၂၀၁၉ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ ရွေးကောက်ပွဲဝင်ခဲ့ပြီး ယခုတစ်ကြိမ်ကတော့ သူ့အတွက် တတိယမြောက် ယှဉ်ပြိုင်ခြင်းပါပဲ။ သူ့ရဲ့အဖွဲ့ဟာ အစိုးရသစ် ဖွဲ့နိုင်လောက်တယ်ဆိုပြီး အခိုင်အမာ ပြောဆိုခဲ့ပါတယ်။အလားတူပါပဲ သမ္မတအက်ရှရက်ဖ်ဂါနီနဲ့အတူ ရွေးကောက်ပွဲဝင်ခဲ့တဲ့ သူကလည်း သူတို့အဖွဲ့ကသာ အနိုင်ရသူအစစ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း နှစ်ဖက်စလုံးကတော့ သက်သေအထောက်အထား မပြနိုင်ခဲ့ကြပါဘူး။



အာဖဂန်လက်ရှိ သမ္မတအက်ရှရက်ဖ်ဂါနီနှင့် ပြိုင်ဘက်ဖြစ်သူ အဗ္ဒူလာ အဗ္ဒူလာ

မဲတွေရေတွက်ဆဲ

လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ကတော့ စက်တင်ဘာ ၂၈ ရက်မှာ ကျင်းပခဲ့တဲ့ မဲပေးမှုမှာ မဲအရေအတွက်ကို ရေတွက်နေဆဲပါပဲ။ အစောပိုင်းကာလ အချက်အလက်တွေအရ စာရင်းသွင်းထားတဲ့ မဲဆန္ဒရှင် ၂၅ ရာခိုင်နှုန်းလောရောက် မဲပေးခဲ့တယ်လို့ သိရပါတယ်။ အာဖဂန်နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၄၀၀၀ ရှိတဲ့အနက်မှာ မဲရုံပေါင်း ၃၇၃၆ မှာ မဲပေးခဲ့ကြတဲ့ မဲအရေအတွက် ၂ ဒသမ ၁၉သန်းကို ရွေးကောက်ပွဲကော်မရှင်က ရေတွက်နေကြပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံရဲ့ စုစုပေါင်းလူဦးရေဟာ ၃၇ သန်းရှိပေမယ့် မဲလာပေးဖို့ စာရင်းသွင်းတဲ့ အရေအတွက်ကတော့ ၉ ဒသမ ၆ သန်းသာ ရှိပါတယ်။ သုံးပတ်တာအတွင်း ကနဦးရလဒ်ကို မျှော်လင့်လို့ရမှာ မဟုတ်သေးဘူးလို့ ရွေးကောက်ပွဲကော်မရှင်ရဲ့ အမှုဆောင်အရာရှိ ဟာဘီဘူရာမန်နန်က ပြောပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာမှု မပြုရသေးမီ ကာလမှာ မည်သူတစ်ဦးတစ်ယောက်ကမှ ရလဒ်ကို မကြေညာသင့်ဘူးလို့ သူကဆက်ပြောပါတယ်။

မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်ဖို့လို

ဒါပေမယ့်လည်း မစ္စတာအဗ္ဒူလာရဲ့ အဖွဲ့ကရော မစ္စတာဂါနီရဲ့အဖွဲ့ကပါ ရွေးကောက်ပွဲမှာ အနိုင်ရရှိပြီဆိုပြီး အသံလွှင့်နေကြပါတယ်။ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိပြီလို့ ပြောခဲ့ကြပါတယ်။ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်မှသာ ထပ်မံမဲပေးရတဲ့ အဖြစ်ကနေ ကျော်လွှားနိုင်မှာ ဖြစ်လို့ပါပဲ။ အခုယှဉ်ပြိုင်နေမှုအဖြစ်အပျက်တွေဟာ ၂၀၁၄ ခုနှစ်တုန်းက အဖြစ်အပျက်နဲ့ ဆင်တူပါတယ်။ နှစ်ဖက်စလုံးက ပြိုင်ဘက်တွေဟာ ရလဒ်နဲ့ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ အမေရိကန်က ကြားကနေဝင်ပြီး နှစ်ဖက်အာဏာခွဲဝေရေးကို လုပ်ပေးခဲ့ရပါတယ်။ အဲဒီအချိန်တုန်းကလည်း အဗ္ဒူလာနဲ့ ဂါနီတို့ဟာ အာဏာခွဲဝေယူခဲ့ပြီး ညီညွတ်တဲ့ အစိုးရအဖွဲ့ ဖွဲ့ခဲ့ပါတယ်။

မဲလာထည့်သူ နည်းပါး

အခုတစ်ကြိမ် ရွေးကောက်ပွဲကတော့ အရင်တုန်းက ရွေးကောက်ပွဲတွေနဲ့ မတူဘဲ လာရောက်မဲထည့်သူ နည်းပါးသွားတယ်လို့သိရပါတယ်။ တကယ်လို့များ လက်ရှိရုထားတဲ့ စာရင်းဇယားတွေသာ မှန်ကန်နေမယ်ဆိုရင် ပြီးခဲ့တဲ့ ရွေးကောက်ပွဲသုံးခုနဲ့ယှဉ်ရင် အခုတစ်ကြိမ် ရွေးကောက်ပွဲဟာ မဲလာပေးသူအရေအတွက် နည်းပါးသွားတာက အမှန်ပါပဲ။ ၂၀၀၄ ခုနှစ်တုန်းကဆိုရင် လာရောက်မဲထည့်တဲ့ အရေအတွက်ဟာ ၇၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် အရောက်မှာတော့ မဲထည့်သူအရေအတွက်ဟာ သုံးပုံတစ်ပုံခန့် ကျဆင်းသွားပါတယ်။ ဒီလိုမျိုး မဲလာထည့်တဲ့ အရေအတွက် လျော့နည်းသွားရတာဟာ လုံခြုံရေးဆိုင်ရာ မသေချာမှုတွေ မြင့်တက်လာလို့ပါပဲ။

လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ ပေါ်ပေါက်ခဲ့

ရွေးကောက်ပွဲမတိုင်မီနေ့တွေတုန်းက တာလီဘန်တွေဟာ အသေခံဗုံးခွဲမှုတွေ တရစပ်ဆိုသလို ပြုလုပ်ခဲ့ပြီး မဲရုံတွေကိုလည်း တိုက်ခိုက်မှုပြုလုပ်မယ်လို့ ခြိမ်းခြောက်ထားခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ မဲဆွယ်စည်းရုံးမှုတွေကိုလည်း တိုက်ခိုက်မယ်ဆိုပြီး တာလီဘန်တို့က ခြိမ်းခြောက်ထားခဲ့တာပါ။ ဒီလိုအချက်တွေကြောင့်လည်း မဲပေးလာမယ့်သူတွေကို တုံ့ဆိုင်းသွားစေခဲ့ပါတယ်။ ဒီလိုမျိုး လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ ရှိတာကြောင့်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်ပေါင်း ၇၀၀၀၀ ခန့်ကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မဲဆန္ဒရှင်တွေကို ကာကွယ်ပေးဖို့အတွက် တပ်ဖြန့်ချထားခဲ့ပါတယ်။ လုံခြုံရေးတင်းကျပ်မှုတွေ ပြုလုပ်ခဲ့တာတောင်မှ ဗုံးခွဲတိုက်ခိုက်မှုနဲ့ စက်သေနတ်နဲ့ ပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးပြီးလူ ၈၀ ဒဏ်ရာ ရရှိခဲ့ပါတယ်။ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်တွေအပြင် မဲဆန္ဒရှင် အရေအတွက်ကို လျော့ကျသွားစေတဲ့ အခြားသော အချက်တွေလည်း ရှိပါသေးတယ်။ အဲဒါကတော့ မဲလာပေးဖို့ စိတ်အားထက်သန်မှုတွေ လျော့ကျလာတာပါ။

အခြားသောအကြောင်းများ

၂၀၁၄ ခုနှစ်ကတည်းက ထိပ်ပိုင်းခေါင်းဆောင်ပိုင်းနေရာအတွက် ယှဉ်ပြိုင်ခဲ့ကြသူတွေဟာ အခုတစ်ဖန်မှာလည်း ထပ်ပြီး ပြိုင်ဘက်တွေ ဖြစ်လာကြပြန်ပါတယ်။ လက်ရှိပြိုင်ဘက်နှစ်ဦးစလုံးဟာ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း အကျင့်ပျက်ခြစားမှုတွေနဲ့ စွပ်စွဲခံထားရပါတယ်။ ဒီလိုဖြစ်နေစဉ်မှာပဲ အလုပ်လက်မဲ့ ပမာဏဟာလည်း ၂၅ ရာခိုင်နှုန်းအထိ ရှိတယ်လို့ ကုလသမဂ္ဂရဲ့စာရင်းဇယားတွေအရ သိရပါတယ်။ နောက်ပြီး အာဖဂန်ပြည်သူ ၅၅ ရာခိုင်နှုန်းဟာလည်း ဆင်းရဲခွေတေမှုအောက်မှာ ရှင်သန်ရပ်တည်နေရပါတယ်။ ဒီအချက်တွေကြောင့်လည်း မဲလာပေးဖို့ စိတ်အားထက်သန်မှုကို လျော့ကျစေခဲ့ပါတယ်။မစ္စတာအဗ္ဒူလာကတော့ ရွေးကောက်ပွဲမှာ သူဟာမဲအများစုနဲ့ အနိုင်ရခဲ့တယ်ဆိုပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။ ဒါကြောင့်လည်း ရွေးကောက်ပွဲကို ဒုတိယအကျော့ထပ်ပြီး ယှဉ်ပြိုင်စရာ မလိုတော့ဘူးလို့ ပြောခဲ့တာပါ။

ပဋိပက္ခတွေကြောင့် လူသေဆုံးရ

လက်ရှိသမ္မတဂါနီရဲ့ တွဖက်တစ်ဦးဖြစ်တဲ့ မစ္စတာအမ်မူလာဆလက်ဂ််ကတော့ သူ့အဖွဲ့ရဲ့ သတင်းပေးမှုအရ ရွေးကောက်ပွဲမှာ ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိ သူမဲရထားတယ်လို့ ပြောခဲ့ပါတယ်။ တကယ်လို့များ အဓိကပြိုင်ဘက်နှစ်ဦးဟာ ရွေးကောက်ပွဲမှာ ၅၀ ရာခိုင်နှုန်းကျော်အောင် မရခဲ့ဘူးဆိုရင် ဒုတိယအကျော့ မဲပေးပွဲကို ထပ်မံ ပြုလုပ်ရမှာပါ။ သမ္မတရွေးကောက်ပွဲမှာတော့ အမျိုးသမီးတွေ ယှဉ်ပြိုင်ခဲ့ခြင်း မရှိပါဘူး။ ရွေးကောက်ပွဲမှာ ဘယ်သူပဲအနိုင်ရရ စစ်ပွဲကြောင့် အထိနာနေတဲ့ တိုင်းပြည်ကို ဦးဆောင်ရမှာပါ။ နှစ်စဉ်နှစ်တိုင်းလည်း ပဋိပက္ခတွေကြောင့် လူတွေသေဆုံးရပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြယ်

တာလီဘန်တို့ရဲ့ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီးတဲ့နောက်မှာတော့ တာလီဘန်တို့နဲ့ပြုလုပ်မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်ဘက်က ဖျက်ပစ်လိုက်ပါတယ်။ ဒါကြောင့်လည်း တာလီဘန်တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဘယ်တော့မှာ ပြန်စနိုင်မှာလဲဆိုတာ စိုးရိမ်စရာအကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ တာလီဘန်ဘက်ကတော့ အာဖဂန်အစိုးရနဲ့ တိုက်ရိုက်ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ဖို့ကို အကြိမ်ကြိမ်ငြင်းဆိုခဲ့ပါတယ်။ ဒါဟာ တရားမဝင်ဘူးလို့လည်း တာလီဘန်တွေက ပြောခဲ့ပါတယ်။ အမေရိကန်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ သဘောတူညီချက်ရပြီးမှသာ အာဖဂန်အစိုးရပိုင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နိုင်လိမ့်မယ်လို့ အခိုင်အမာ ပြောဆိုခဲ့ကြပါတယ်။

အပြိုင်အဆိုင်ကြေညာနေကြ

အမေရိကန်ဟာ လက်ရှိအနေအထားမှာတော့ အာဖဂန်နစ္စတန်နိုင်ငံမှာ တပ်ဖွဲ့ဝင်ပေါင်း ၁၄၀၀၀ ခန့်ကို တပ်ဖြန့်ချထားပါတယ်။ အာဖဂန်တပ်ဖွဲ့ဝင်တွေကို လေ့ကျင့်ပေးဖို့၊ အကြံပေးဖို့နဲ့ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကူညီပေးဖို့ တပ်ဖြန့်ချထားတာပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ အာဖဂန်သမ္မတ ရွေးကောက်ပွဲမှာ အဓိကပြိုင်ဘက်နှစ်ဦးဖြစ်ကြတဲ့ လက်ရှိသမ္မတအက်ရှရက်ဖ်ဂါနီနဲ့အမှုဆောင်အရာရှိချုပ် အဗ္ဒူလာအဗ္ဒူလာတို့ဟာ ရွေးကောက်ပွဲမှာ အသာစီးရတယ်ဆိုပြီး အပြိုင်အဆိုင်ကြေညာနေကြပါတယ်။ ။

ကိုးကား -ဘီဘီစီ

နိုင်ငံတကာသတင်းတိုတို

ပုပ်ရဟန်းမင်းကြီး၏ ဂျပန်ခရီးစဉ်အတွင်း နျူလက်နက်ဖျက်သိမ်းရေး တောင်းဆိုဖွယ်ရှိ

တိုကျို အောက်တိုဘာ ၂

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ဂျပန်နိုင်ငံ နာဂါဆာကီမြို့သို့ လာရောက်လည်ပတ်ရန် စီစဉ်ထားပြီး ယင်းခရီးစဉ်အတွင်း နျူကလီးယားလက်နက်ဖျက်သိမ်းရေး တောင်းဆိုဖွယ်ရှိနိုင်ကြောင်း သိရသည်။

လေးရက်ကြာမြင့်မည့် ဂျပန်ခရီးစဉ်အတွင်း ဒုတိယကမ္ဘာစစ်အတွင်းက အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ သွားရောက်မည်ဟု ဗာတီကန်က ပြီးခဲ့သည့်လတွင် ကြေညာခဲ့သည်။ ၎င်းသည် နိုဝင်ဘာ ၂၃ ရက်နေ့တွင် ဂျပန်ခရီးစဉ် စတင်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် နာဂါဆာကီမြို့သို့ သွားရောက်မည်ဟု သိရသည်။ ၁၉၄၅ ခုနှစ်က အဏုမြူဗုံးကျရောက်ခဲ့သည့် ဗဟိုချက်မနေရာရှိ ပန်းခြံတစ်ခုမှနေ၍ သတင်းစကားပါးရန် စီစဉ်လျက်ရှိကြောင်း သတင်းရင်းမြစ်အချို့က ဖော်ပြသည်။

ထို့အပြင် ပုပ်ရဟန်းမင်းကြီးဖရန့်စစ်သည် နာဂါဆာကီ လူထုတွေ့ဆုံပွဲတစ်ခု ကျင်းပသွားရန်ရှိပြီး အဆိုပါတွေ့ဆုံပွဲသို့ လူ၃၇၀၀ခန့်, တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **အင်နှအိတ်ချ်ကေ**

မိုးကြိုးပစ်ခံရမှုကြောင့် ကိုးလအတွင်း ကမ္ဘောဒီးယား၌ ၈၅ ဦး သေဆုံး

ဖနောင်ပင် အောက်တိုဘာ ၂

၂၀၁၉ ခုနှစ် ကိုးလတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၈၅ ဦး သေဆုံးခဲ့ရသည်ဟု သဘာဝဘေး အန္တရာယ်ဆိုင်ရာ ထိန်းချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။လွန်ခဲ့သည့်နှစ်ကလည်း မိုးကြိုးပစ်မှုကြောင့် ၉၆ ဦး သေဆုံးခဲ့ရာ ယခုနှစ်တွင် သေဆုံးသူအရေအတွက်မှာ ၁၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

လူသေဆုံးမှုများအပြင် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း မိုးကြိုးပစ်မှုကြောင့် ဒဏ်ရာရရှိသူ ၇၅ ဦးရှိကြောင်း သဘာဝဘေး စီမံခန့်ခွဲမှု အမျိုးသားကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကီယိုဗီကပြောသည်။ မိုးကြိုးပစ်ခံရသည့် အန္တရာယ်မှ ရှောင်ရှားနိုင်ရန်အတွက် အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်ကြသော ပြည်သူများသည် မိုးရွာနေစဉ် နေအိမ်မှာ ခိုလှုံရာနေရာများတွင်သာ နေထိုင်သင့်ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မိုးကြိုးပစ်မှုများသည် မိုးရာသီဖြစ်သည့် မေလနှင့် အောက်တိုဘာလတို့တွင် ဖြစ်ပွားလေ့ရှိကြောင်း ၎င်းက ဆင်ဟွာသို့ ပြောသည်။ မိုးကြိုးပစ်မှုအပြင် မဲခေါင်မြစ်ရေကြီးမှုကြောင့်လည်း စက်တင်ဘာလ အစောပိုင်းတွင် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ၎င်းက ပြောသည်။ **ဆင်ဟွာ**

ကဘော်ချိုင့်ဂူမ်း မြို့တော် တမူးကိုဖြတ်လို့ အိန္ဒိယနယ်စပ်လေးဆီ

Visiting Myanmar– India Border and Tamu City

Thiha, the Traveller @ သီဟလုလင်

ဗုဒ္ဓလေးဆူ

(ယခင်အပတ်မှအဆက်)

ဗုဒ္ဓလေးဆူ

မင်္ဂလာကန်တော်ရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဗုဒ္ဓလေးဆူဟာလည်း ပုံစံတူ စေတီလေးဆူ တစ်တန်းတည်း တည်ထားတဲ့ ထူးခြားမှုလေးတစ်ခုကို တွေ့မြင်ဖူးမြော်ရမယ့် နေရာဖြစ်ပါတယ်။ နောင်ပွင့်မယ့်ဘုရားအတွက် အသေးလေးတစ်ဆူ တည်ထားပါသေးတယ်။

တမူး-မိုးရေး နယ်စပ်ဂိတ်များ

နယ်စပ်ဖြတ်ကျော် ဂိတ်နှစ်ခုရှိပါတယ်။ ဒီနေရာမှာ နိုင်ငံခြားသားဧည့်သည် (အဖြူ) တော်တော်များများကိုလည်း သတိထားမိတယ်။ သူတို့က မြန်မာပြည် ဘက်ကနေ သွားတာမဟုတ်ဘဲ အိန္ဒိယဘက်ကနေ မြန်မာကို ဝင်လည်ကြတာပါ။ နှမြောစရာ။ အရင်ဆုံး ကျွန်တော်တို့ဟာ ပါဟဲချောင်းလေးကိုဖြတ်ပြီး တံတားဆောက်ထားတဲ့ နယ်စပ်ဖြတ်ကျော်နေရာလေးကို သွားပါတယ်။ အတွင်းထိ မလည်မှာမို့ နယ်စပ်ဖြတ်ကျော်ကြောင်း အသိမပေးတော့ဘဲ အိန္ဒိယဘက်ခြမ်းက ကျောက်ထုတ်လုပ်သားတွေ တဲထိုးနေရာ ဝန်းကျင်ကနေတစ်ဆင့် အောက်ဘက်ချောင်းထဲဆင်းလို့ ဓာတ်ပုံရိုက်ကြပါတယ်။ နယ်စပ်ဖြတ်ကျော် တံတားက တံတားတစ်စင်းတည်းမှာကို အရောင်က နှစ်ရောင်ဖြစ်နေတာ သတိပြု မိကြလိမ့်မယ်။ အလယ်တည့်တည့်မှာ အရောင်ကွဲနေတာပါ။ အဝါက မြန်မာခြမ်း ဖြစ်ပြီး အဖြူက အိန္ဒိယခြမ်း ဖြစ်ပါတယ်။

နန်းဖာလုံဈေး

ဒီမှာတော့ တရုတ်၊ ထိုင်းပစ္စည်းတွေနဲ့ အိန္ဒိယပစ္စည်း အချို့စုံပါတယ်။ ဈေးကြီးတစ်ခုပါ။ တစ်ဖက်နိုင်ငံထက်တောင် ဈေးက လူစည်ကားပါတယ်။ ဒီဈေးကနေဖြတ်ပြီးပဲ နယ်စပ်ဂိတ်ကို သွားကြရတာပါ။

Border Pass လုပ်ရသလား၊

ဘယ်နိုင်ငံ ငွေကြေးသုံးသလဲ

သီးသန့်လုပ်စရာမလိုပေမယ့် အိန္ဒိယဘက်ခြမ်းက Immigration ကို ဖြတ်ရင် သူတို့က မှတ်ပုံတင်တောင်းပါလိမ့်မယ်။ ပြီးရင် သူက သိမ်းထားပြီး နံပါတ်ပြားလေးတစ်ပြား ထုတ်ပေးပါလိမ့်မယ်။ အဲဒါအသက်ပါ။ သေချာ သိမ်းထားရပါတယ်။ ပြန်ရင် အဲဒီနံပါတ်ပြားလေးနဲ့ ကိုယ့်မှတ်ပုံတင်ကို ပြန်ရွေးရပါတယ်။ အဖွဲ့လိုက်ဆိုရင် အားလုံးရဲ့ မှတ်ပုံတင်တွေ စုပေးလိုက်ပြီး ကတ်ပြားတစ်ခုတည်း ယူလို့ရပါတယ်။

ငွေကြေးကတော့ နယ်စပ်နှစ်မြို့စလုံးမှာ ရူပီးရော၊ ကျပ်ရော သုံးစွဲပါတယ်။ ဟိုဘက်မှာ ကျပ်နဲ့သုံးစွဲရင် ဈေးနည်းနည်း ပိုပေးရတတ်ပါတယ်။ ငွေဈေး အတက်အကျရှိလို့ သူတို့ကလည်း ပိုပိုသာသာ တွက်ယူကြလို့ပါ။

မိုးရေးတစ်ခွင်

အိန္ဒိယနယ်စပ်ကနေ မိုးရေးဘက် ရောက်ပြီဆိုရင် သုံးဘီးဆိုင်ကယ် သမားတွေက တန်းစီပြီး ဈေးခေါ်ပါလိမ့်မယ်။ ကသည်းလူမျိုးအများစုဖြစ်ပြီး မြန်မာလို နည်းနည်းပါးပါးကနေ အတော်ကျွမ်းကျင်ကြတဲ့ အထိရှိပါတယ်။ လည်ပတ်စရာ လေး၊ ငါး နေရာလောက်ကို မြန်မာငွေ ကျပ် ၈၀၀၀ ပေးရပါတယ်။ သူတို့ပါတော့ ပိုအဆင်ပြေသလို ဈေးလည်း အသင့်အတင့်ပဲလို့ ယူဆမိပါတယ်။ ဒီဘက်နယ်စပ်ဂိတ်ကနေ စဝင်ဝင်ချင်း ဓာတ်ပုံရိုက်တာကို လက်မခံပါဘူး။ သတ်မှတ်ထားတဲ့ နေရာကျော်မှ စပြီးရိုက်လို့ရပါတယ်။ အဲဒီဝန်းကျင်မှာတော့ အိန္ဒိယထုတ်ကုန် စားသောက်ကုန်မျိုးစုံကို တွေ့ရပါမယ်။ ကျွန်တော်တို့ကတော့ ဈေးဝယ်ထွက်တာထက် လည်ပတ်ဖို့ပဲ ဆန္ဒပိုရှိနေလို့ သုံးဘီးလေးနဲ့ အပြေး သွားလိုက်ကြတယ်။

ကသည်းဘုရားကျောင်း

ကသည်းဘုရားကျောင်းဆိုတော့ စိတ်ဝင်စားစရာပေါ့။ ကသည်းတို့ရဲ့ ရိုးရာကိုးကွယ်ယုံကြည်မှုက သီးသန့်သဘောဆောင်နေတယ်။ သူတို့ရဲ့

ဟိန္နျဘုရားကျောင်း

နတ်ဘုရားရုပ်တုတွေကို သေချာလေ့လာကြည့်ပေမယ့် မသဲကွဲလှဘူး။ ဟိန္နျနဲ့ လည်း ဆင်သလိုလိုပဲ။ နဖူးထိပ်မှာ အနီတို့တာကအစ တူတယ်ထင်ရတယ်။ ပြီးတော့ ဘုရားကျောင်းမှာ အကြီးအကဲတစ်ဦးရှိပြီး လူတွေကို ကူညီပေးနေ တာမျိုး ရှိတာလည်းတူတယ်။ ဘယ်လိုကွဲပြားသလဲတော့ ကျွန်တော်လည်း သေချာလေ့လာခွင့်မကြုံသေးလို့ မရှင်းပြနိုင်သေးပါဘူး။ ဒီနေရာကိုလာပြီး ရိုးရာယုံကြည်မှုတွေ လေ့လာခွင့်ရခဲ့ပါတယ်။

ဇမ္ဗူဒီပါ မြန်မာဘုန်းကြီးကျောင်း

အိန္ဒိယဘက်ခြမ်းမှာရှိနေတဲ့ မြန်မာဘုန်းကြီးကျောင်းနဲ့ စေတီတော်ဆီ လည်း ဝင်ပြီးလေ့လာဖြစ်ခဲ့တယ်။ ဒါကိုလည်း သူတို့က တကူးတက လိုက်ပြ ရှာပါတယ်။ သိပ်ပြီးထူးခြားတာ မရှိလှပေမယ့် လည်ပတ်စရာနေရာတစ်ခုတော့ ဖြစ်တယ်။ ကျွန်တော်ကတော့ လမ်းမှာမြင်တွေ့ရတဲ့ ကသည်းရပ်ကွက်ရဲ့ လူနေထိုင်မှုပုံစံတွေနဲ့ သူတို့ရဲ့ ဝတ်စားဆင်ယင်ပုံတွေကို ပိုလေ့လာမိပါတယ်။

ဟိန္နျဘုရားကျောင်း

ပုံမှန်ဘုရားကျောင်းတစ်ခုပါပဲ။ ဟိန္နျဘုရားကျောင်းတွေရဲ့ ထုံးစံအတိုင်း အရောင်အသွေးစုံတော့ ဓာတ်ပုံရိုက်ချင်စရာတော့ဖြစ်တာပေါ့။ ကျွန်တော် ထင်ပါတယ်၊ မိုးရေးမှာ ဒီထက်လည်ပတ်စရာတွေရှိနိုင်သေးပေမယ့် သေချာ မဖော်ထုတ်ဖြစ်တာများလားပေါ့။ ခုတော့ လာတဲ့ဧည့်သည်တွေကို ဒီလို ဘာသာရေးအဆောက်အအုံတွေပဲ ခေါ်ပြစရာတော့ ဖြစ်နေတယ်။ ဒါတောင် သူက ဒီမှာရှိတဲ့ အာရံစီ ဘုရားကျောင်းတွေကို လိုက်ပို့ဖို့ ကျွန်သွားခဲ့လို့မဟုတ်ရင် ကျွန်တော်ဟာ ဘာသာပေါင်းစုံချစ်ကြည်ရေးအတွက် ကွင်းဆင်းလေ့လာနေ သလို ဖြစ်နေတော့မှာ အမှန်ပဲ။

တမူးက ချင်း (ကျင်း) လက်ဖက်ရည်

ချင်း(ကျင်း)နဲ့ ဖျော်တဲ့ လက်ဖက်ရည်ဟာ လည်ချောင်းထဲကို ပူနွေးနွေးလေးနဲ့ မစပ်တစပ်လေး ဆင်းသွားတယ်။ လျှာပေါ်မှာ ချိုစိမ့်စိမ့်အရသာလေးနဲ့ ပူရှိန်းရှိန်းဖြစ်ကျန်ခဲ့တယ်။ ရင်ဘတ်ထဲမှာနွေးသွားပြီး ရင်ချောင်သွားတဲ့ ခံစား မှုမျိုးကို ပေးစွမ်းတယ်။ ဒါကြောင့်လည်း ဒီဒေသက ချင်း(ကျင်း) လက်ဖက်ရည်က အတော်နာမည်ကြီးတာလို့ မှတ်ချက်ပေးမိပါတယ်။

ညအိပ်ညနေ နေလိုသူများနဲ့ စားသောက်လိုသူများအတွက်

ညအိပ်မယ်ဆိုရင်တော့ ဖြစ်နိုင်ရင် မိုးရေးမှာထက် ဒီဘက် တမူးမှာပဲ အိပ်တာ ပိုလုံခြုံပါတယ်။ တည်းခိုခန်းသန့်သန့်လေးတွေလည်းများပါတယ်။ စားသောက်ဆိုင်လည်းစုံတယ်။ မြန်မာထမင်းဟင်းကနေ ဟိန္နျသက်သတ် လွတ် ဖက်ထမင်းတွေအထိ အစုံရနိုင်တယ်။

အိမ်ပြန်လက်ဆောင်

အပြန်လက်ဆောင်ဝယ်မှ ကျေနပ်သူများအတွက် ဒီဘက်မှာတော့ မျောက်ငိုသီးတွေပေါတယ်။ တည်းသီးလိုမျိုးလေး။ အိမ်မှာတော့ ဟိုးကတည်းက စားကြကြိုက်ကြတယ်။ ကျွန်တော်ကတော့မကြိုက်။ တမူးကနေ ပြန်လာရင် လမ်းမှာ တွေ့ရတတ်တဲ့ မျှစ်ချိုးရောင်းတာလေးတွေ။ ပြီးတော့ မျှစ်ပေါင်း၊ မျှစ်ပေါင်းကတော့ ပုစွန်နဲ့ခြောက်လေး၊ အသားလေးတွေနဲ့ ပေါင်းထားတာမျိုးမို့ စားကောင်းတယ်။ ဝယ်စားကြည့်စေချင်ပါတယ်။ ဒါလေးတွေ အိမ်ပြန် လက်ဆောင်သယ်ပါလို့ အကြံပြုချင်ပါတယ်။

တစ်မူထူးခြားတဲ့ တမူးမြို့နဲ့ တစ်ဖက် အိန္ဒိယက မိုးရေးအထိ ခြေဆန့် လိုက်တဲ့အခါ ကျွန်တော်တို့ မြန်မာနိုင်ငံက ပိုပြီး ချစ်စရာကောင်းနေသလားလို့ တွေးမိတယ်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ပြောပြော ပိုစိမ်းလန်းတယ်။ ပိုပြီး အပြုံးချိုတယ်။ ပိုရင်နှီးတယ်။ ပိုရိုးရှင်းကြတယ်။ ဟိုဘက်ခြမ်းမှာ တစ်ခါတစ်ရံ ခန့်မှန်းရခက်တဲ့ပုံစံမျိုး သူတို့မျက်နှာတွေပေါ်မှာ ရှိနေကြတယ်လို့ ခံစားရတယ်။ ဘာပဲဖြစ်ဖြစ် အိန္ဒိယနိုင်ငံကို မလည်ပတ်ဖြစ်သေးရင် သူတို့ရဲ့ အင်္ဂေအသက်တွေ အပြည့်နီးပါးလောက် သက်ဝင်နေတဲ့ ဒီနယ်စပ်မြို့လေးကနေတစ်ဆင့်လည်း တစ်နိုင်ငံလုံးကို ခန့်မှန်းနိုင်စေတာမို့ တမူးမြို့လေးကို အလည်ထွက်ရင်း အိန္ဒိယနယ်စပ်မြို့လေးကိုပါ လည်ပတ်နိုင်ဖို့ ရေးသားတင်ပြပေးလိုက်ရပါတယ်။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွား နိုင်ကြပါစေ။ ။

တမူး-မိုးရေး နယ်စပ်ဂိတ်

နန်းဖာလုံဈေး

စင်ကာပူနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဆံပင်ရောင်းဝယ်ပုံ သတင်းမှတ်တမ်းရိုက်ကူး

ပျော်ဘွယ်မြို့ရှိ ဆံပင်တုလုပ်ငန်းလုပ်ကိုင်နေပုံအား ရိုက်ကူးနေစဉ်။

ပျော်ဘွယ် အောက်တိုဘာ ၂

စင်ကာပူနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ပျော်ဘွယ်မြို့ရှိ တက်နေလင်း ဆံပင်ရောင်းဝယ်ရေးမှ ဆံပင်များကို သန့်စင်ပြီး ပြည်ပသို့ တင်ပို့နိုင်ခဲ့ပုံနှင့် ပျော်ဘွယ်မြို့တွင် တစ်နိုင်တစ်ပိုင် စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများဖြင့် စားဝတ်နေရေးအဆင်ပြေနေပုံတို့ကို ရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် စက်တင်ဘာ ၃၀ရက်က ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရေကူးမြို့မကျောင်းတိုက်တွင် အမျိုးသမီးများ ဆံကေသာလှူဒါန်းနေပုံနှင့် အမျိုးသမီးများ ဆံပင်ဖြတ်၍ လှူဒါန်းခြင်းသည် မွန်မြတ်သည့် အလှူဖြစ်ကြောင်း၊ ဆံပင်လှူဒါန်းမှုများဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အလောင်းတော်ကဿပဥယျာဉ်တွင် ပေ ၅၅၀ အရှည်ရှိ "ရွှေဆံပင်တံတား" လှူဒါန်းနိုင်ခဲ့ကြောင်း ဆရာတော်က မိန့်ကြားပုံတို့ကို ရိုက်ကူးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆံပင်ရောင်းဝယ်မှုများနှင့် မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်များတွင် တရုတ်နိုင်ငံမှ စက်ဘီးများလှူဒါန်းမှုများကိုလည်း ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ထိုသို့ရိုက်ကူးမှုများကို တရုတ်နိုင်ငံအခြေစိုက် CGTN Online Channel ၏ Assignment Asia အစီအစဉ်တွင် ထုတ်လွှင့်ပြသရန် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။ **ညွှန့်ညွှန့်လှိုင် (FDC)**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

ရှမ်းရွာသစ် အောက်တိုဘာ ၂

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ နေ့ထူးနေ့မြတ်အကြောင်း သိရှိစေရန်နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး အောက်တိုဘာ ၅ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ၏ ကမ္ဘာ့ ဆရာများနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ဘောလုံးပစ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်က ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။ **မြို့နယ်(ပြန်/ဆက်)**

မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ပူဇော်မည်

မကွေး အောက်တိုဘာ ၂

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မြသလွန်စေတီတော်မြတ်ကြီးအား ဒေသထွက် ပဲဆီ၊ နှမ်းဆီ ပိဿာ ချိန်ပေါင်း ၂၃၀ အသုံးပြု၍ သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးကိုးထောင် ထွန်းညှိ ပူဇော်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

စေတီတော်ရင်ပြင်၏ အနောက်ဘက်နံရံ လှေကားထစ်များပေါ်တွင် မြေသားဆီမီးခွက်များကို အတန်းလိုက်စီ၍ အစဉ်အလာမပျက် ပူဇော်သွားမည်ဖြစ်ပြီး ပူဇော်ပွဲကို မဟာအတုလရံသီတန်ဆောင်းတော်ကြီး၌ ပြုလုပ်ရန် စီစဉ်ထားသည်။

"နှစ်ပေါင်း ၃၀ အတွင်းမှာ မိုးလေဝသဖျက်တာ နှစ်ခါကြုံဖူးတယ်။ လပြည့်နေ့အစား လကွယ်နေ့ကို ပြောင်းပြီး ပူဇော်ခဲ့ရတာမျိုးရှိခဲ့ဖူးတယ်။ မတော်တဆ မိုးဖျက်လေဖျက်ကြုံလာရင် ပူဇော်ပွဲမပျက်ဖို့ စီစဉ်ထားပါတယ်။ ဆီမီးရအောင် ထွန်းမယ်။ လျှပ်စစ်မီးနဲ့ပူဇော်ဖို့လည်း အရန်အစီအစဉ်လုပ်ထားပါတယ်" ဟု မြသလွန်ဂေါပက အတွင်းရေးမှူး (၂) ဦးဝင်းနိုင်တင်က ပြောသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးကိုးထောင်၊ ပန်းကိုးထောင် လှူဒါန်းပူဇော်မှုများ နှစ်စဉ်လုပ်ဆောင်မြဖြစ်ပြီး ယခုနှစ်တွင်ကျရောက်သည့် ၂၅၈၃ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၈) ရက်မှ သီတင်းကျွတ်လကွယ်နေ့ (အောက်တိုဘာ ၂၇) ရက်အထိ ရက် ၂၀ ကြာ ကျင်းပသွားမည်ဖြစ်သည်။

ဇေယျတု (မကွေး)

မင်းတုန်းမင်းတရားကြီး နတ်ပြည်စံသက်နှစ် (၁၄၁) နှစ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းမည်

မန္တလေး အောက်တိုဘာ ၂

ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး နတ်ပြည်စံသက်နှစ် (၁၄၁) နှစ်မြောက်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဝါတော် သက်တော်ကြီးသော ဆွေတော် မျိုးတော်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက်တွင် အရှေ့စမုခ်ဆောင် မြနန်းစံကျော်ရွှေနန်းတော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကို ကုန်ဘောင်ဆက်မောင်နမများနှင့် မိတ်သင်္ဂဟများက ကြီးမှူးကျင်းပမည်ဖြစ်ပြီး ယင်းနေ့ နံနက် ၉ နာရီတွင် အရှေ့စမုခ်ဆောင် မြနန်းစံကျော်ရွှေနန်းတော်တွင် မတကဘာတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၁၀-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၂၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၅၁၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၂၂၃၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၅၁၀၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၉၀/၉၅၀	ကျပ်	၉၄၅/၉၆၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၀၀/၉၆၀	ကျပ်	၉၆၀/၉၈၀	ကျပ်
အောက်တိန်း ၉၂	၇၉၀/၈၅၅	ကျပ်	၈၈၀/၉၀၀	ကျပ်
အောက်တိန်း ၉၅	၈၈၀/၉၅၀	ကျပ်	၉၇၅/၁၀၀၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၃၄ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၆၇၃ . ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၀၆ . ၈
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၈၇၆ . ၄
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၂၄ . ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၂၄ . ၄
တရုတ်	တစ်ယွမ်	ကျပ်	၂၁၄ . ၅၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ . ၅၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၇ . ၂၃
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၅ . ၈၅
ထိုင်း	တစ်ဘတ်	ကျပ်	၅၀ . ၀၄၉

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၅၀၀	၁၁၅၀၀	၃၃၃	၃၈၂၉၅၀၀
MTSH	၄၀၀၀	၄၀၀၀	၆၇၈၆	၂၇၂၇၂၆၀၀
MCB	၈၃၀၀	၈၃၀၀	၄	၃၃၂၀၀
FPB	၂၄၀၀	၂၃၅၀၀	၆၈၉	၁၆၂၇၉၅၀၀
TMH	၃၀၀၀	၃၀၀၀	၄၉	၁၄၇၀၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – စိုးစိုးနိုင်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ – တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၁၄၊ စီမံ ၀၁-၅၄၃၃၁၅၊ ဌေးဝင်း ၀၁-၅၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၅၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၃၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် သယ်ယူပို့ဆောင်ရေး

သိပ္ပံစာရေးဆရာ ကိုကိုအောင်

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတချို့၌ MRT စနစ်ကို ကျင့်သုံးလျက်ရှိနေကြသည်။ MRT ၏ အရှည်မှာ Mass Rapid Transport ဖြစ်ပြီး မြန်မာလို ပြန်ဆိုရလျှင် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် သယ်ယူပို့ဆောင်ရေးဟူ၍ ဖြစ်သည်။ အတိုကောက် အားဖြင့်ဆိုလျှင် မ.ထ.သ ဖြစ်သည်။ လူအများကို တစုတဝေးတည်းဖြင့် မြန်ဆန်ထိရောက်စွာ သယ်ယူပို့ဆောင်သည့်စနစ် ဖြစ်သည်။

လျင်မြန်ထိရောက်စေနိုင်သော သယ်ယူပို့ဆောင်ရေးအခြေခံကောင်းများ

အများပြည်သူကို တစုတဝေးတည်းဖြင့် လျင်လျင်မြန်မြန် ထိထိရောက်ရောက် သယ်ယူပို့ဆောင်နိုင်ရန် အတွက် အခြေခံကောင်းများစွာ ရှိနေရန်လိုအပ်သည်။ ခေတ်မီသော မော်ဒယ်မြင့်ဘတ်စ်ကားကြီးများ အလုံအလောက်ရှိနေရုံ တစ်ခုတည်းဖြင့်၊ ဘတ်စ်ကားလိုင်းများ အများအပြား ရှိနေရုံမျှဖြင့် လမ်းမကြီးများ၊ လမ်းသွယ်များ၊ ဖြတ်လမ်းများ၊ မြို့ရောင်လမ်းများကို လုံလုံလောက်လောက် ဖောက်ထားရုံမျှဖြင့် ပြီးပြည့်စုံမှု ရှိလာလိမ့်မည် မဟုတ်ပေ။

လျင်မြန်ထိရောက်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ကောင်းမွန်ပြည့်စုံစွာ ဖြစ်ထွန်းလာစေရေး၊ ထိုမှတစ်ဆင့် ရေရှည်တည်တံ့သော ပြည့်စုံသည့် စနစ်တစ်ခု ဖြစ်လာစေရေးတို့သည် အခြေခံကောင်းများစွာတို့၏ အပေါ်၌ ရာနှုန်းပြည့်တည်မီလျက် ရှိနေသည်။ ထိုထိုသော အခြေခံကောင်းများစွာတို့အနက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုအခြေခံကို ဦးစွာသိရှိထားကြရန် လိုအပ်သည်။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုဟူသော စကားရပ်တွင် လုံခြုံမှုနှင့် ချောမွေ့မှုဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်လျက်ရှိနေသည်။ လုံခြုံမှုအပိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ခေတ်မီသောအင်ဂျင်နီယာပညာဖြင့် စနစ်တကျ ဖောက်လုပ်ထားသော လမ်းမကြီးများ၊ လမ်းသွယ်များ၊ မြို့ရောင် လမ်းများ၊ နှစ်ထပ်လမ်းများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ၊ ခုံးကျော်တံတားကြီးများ စသည်တို့ ပါဝင်နေပြီး ချောမွေ့မှုအပိုင်းတွင် လမ်းအမှတ်အသားများ၊ လမ်းဆုံမီးပွိုင့်နှင့် အချက်ပြမီးပွိုင့်များ၊ အပိုင်းများ၊ ယာဉ်ကြောပိုင်းခြားထားမှုများ၊ သတိပေး ဆိုင်းဘုတ်များ၊ လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားများ၊ လမ်းမီးတိုင်များစသည်တို့ ပါဝင်လျက်ရှိသည်။

မြေပြင်လမ်းနှင့် နှစ်ထပ်လမ်းများ၊ မြစ်ကူးချောင်းကူး တံတားနှင့် ခုံးကျော်တံတားများ အားလုံးကို ခေတ်မီနည်းပညာများဖြင့် တည်ဆောက်ဖောက်လုပ်ထားမှသာ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်မည်ဖြစ်သည့် အားလျော်စွာ ထိုအပိုင်းအတွက် နည်းပညာကို အခြေခံကြရမည်ဖြစ်သည်။ လမ်းအမှတ်အသားများ၊ မီးပွိုင့်နှင့်အပိုင်းများ၊ သတိပေးဆိုင်းဘုတ်များ၊ လူကူးမျဉ်းကျားနှင့် ခုံးတံတားများအား နေရာချစီစဉ်မှု၊ ယာဉ်ထိန်းစနစ်နှင့် အရေးယူဆောင်ရွက်မှုတို့သည် ယာဉ်ကြောစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် အလွန်အရေးပါသည့် အားလျော်စွာ ထိုအပိုင်းအတွက် နည်းစနစ်ကို အခြေခံကြရမည် ဖြစ်သည်။

လမ်းတည်ဆောက်မှုနှင့် အဆင့်မြှင့်တင်မှု

လမ်းတည်ဆောက်ဖောက်လုပ်မှု အပိုင်းတွင် လုံလောက်စွာကျယ်ဝန်းသည့် ယာဉ်ကြောများ ပါဝင်သော လမ်းနှင့် နှစ်ထပ်လမ်းများ၊ ငလျင်ဒဏ်ခံနိုင်ရည်ရှိမှု အပါအဝင် ကြံ့ခိုင်မှုအတွက် စိတ်ချရသော ခုံးကျော်တံတားနှင့် မြစ်ကူးချောင်းကူး တံတားများကို ခေတ်မီအင်ဂျင်နီယာပညာများဖြင့် တည်ဆောက်ဖောက်လုပ်ထားခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေရှည်တည်တံ့မှုအတွက် ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို လုပ်ဆောင်ပေးနေမှသာလျှင် လုံခြုံမှုအပိုင်းအတွက် ပြည့်စုံမည်ဖြစ်သည်။ တစ်ဖက်က ခေတ်မီအင်ဂျင်နီယာပညာဖြင့် တည်ဆောက်ဖောက်လုပ်မှုများကို လုပ်ဆောင်နေသော်လည်း၊ အခြားတစ်ဖက်တွင် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်မှု မရှိသည့်အပြင် ရေရှည်တည်တံ့မှုအတွက် ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းများကိုလည်း လုပ်ဆောင်ခြင်းမပြုပါက လုံခြုံမှုက အပြည့်အဝရှိလိမ့်မည် မဟုတ်ပေ။

အလားတူပင် လမ်းအမှတ်အသားများကို ပြည့်ပြည့်စုံစုံ ထင်ထင်ရှားရှား ရေးဆွဲထားခြင်း၊ လမ်းအမှတ်အသားများ၊ လမ်းလယ်ကျွန်းများ၊ လမ်းလယ်အတားအဆီးများကို နေ့ညအချိန်အခါမရွေး မြင်နိုင်အောင် စီမံဖန်တီးခြင်း၊ နေ့ညအချိန်အခါမရွေး လွယ်လင့်တကူ မြင်တွေ့နိုင်သော သတိပေးလမ်းညွှန် ဆိုင်းဘုတ်များကို ပြည့်ပြည့်စုံစုံ စိုက်ထူချိတ်ဆွဲထားခြင်း၊ လက်တွေ့ အလုပ်ဖြစ်သည့် လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော် တံတားများကို ဖန်တီးပြုလုပ်ထားခြင်း၊ ယာဉ်ကြော စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် လမ်းဆုံမီးပွိုင့်နှင့် အချက်ပြမီးပွိုင့်များ၏ ထိန်းချုပ်မှုကိုစနစ်တကျ၊ နည်းလမ်းတကျ စီမံဆောင်ရွက်ခြင်း၊ ယာဉ်ကြောစီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးကို အဟန့်အတားဖြစ်စေမည့် ကိစ္စရပ်မှန်သမျှကို ရှောင်ရှားခြင်း စသည်တို့ကို အလေးထားလိုက်နာ ဆောင်ရွက်ကြမည်ဆိုပါက ချောမွေ့မှုအပိုင်းအတွက် အဆင်ပြေလိမ့်မည် ဖြစ်သည်။

ဂျကာတာမြို့ လမ်းမတစ်ခု၌ ယာဉ်ရှုပ်ထွေးမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

တစ်ဖက်လျှင် ယာဉ်ကြောသုံးကြောစီရှိသော ခြောက်လမ်းသွားလမ်းမကြီးတစ်ခုၦ မီးပွိုင့်ဖြင့် နှစ်စက္ကန့်မျှပိတ်ထားလျှင် ပျမ်းမျှအားဖြင့် ယာဉ်သုံးစီးနှုန်း ပိတ်ဆို့ခံကြရသည်။ ထို့ကြောင့် အဆိုပါ နေရာမျိုးၦ မီးပွိုင့်ဖြင့် တစ်မိနစ်(စက္ကန့် ၆၀) ပိတ်ထားလျှင် ယာဉ်အစီးရေ ၉၀ ခန့် ပိတ်ဆို့တားဆီး ခြင်းခံကြရသည်။ အကယ်၍ ငါးမိနစ်မျှ ပိတ်ဆို့ဟန့်တားထားခဲ့လျှင်မူ ယာဉ်အစီးရေ ၄၅၀ ခန့် ရပ်တန့်စောင့်ဆိုင်းနေကြရလိမ့်မည်

ယာဉ်လမ်းကြောင်း ထိန်းချုပ်ကွပ်ကဲမှု

ဤနေရာတွင် ယာဉ်လမ်းကြောင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်က အလွန်အရေးကြီးသည့် အခန်းကဏ္ဍၦ ပါဝင်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။ ယာဉ်လမ်းကြောင်း ထိန်းချုပ်ကွပ်ကဲမှုတွင် အီလက်ထရောနစ်စနစ်နှင့် ကျွမ်းကျင်လူသားတို့က ဒွန်တွဲပါဝင်လျက်ရှိနေကြသည်။ မီးပွိုင့်ဖြင့်ထိန်းချုပ်ခြင်းက အီလက်ထရောနစ်စနစ်ကို အသုံးချခြင်းဖြစ်ပြီး ယာဉ်ထိန်းရဲဖြင့်ထိန်းချုပ်ခြင်းက ကျွမ်းကျင်လူသားကို အသုံးချခြင်း ဖြစ်သည်။

ယာဉ်ကြောစီးဆင်းမှုကို မြန်ဆန်သွက်လက်အောင် ထိန်းချုပ်ရာတွင် အီလက်ထရောနစ်စနစ်ဖြစ်သော မီးပွိုင့်ဖြင့် အလိုအလျောက်အချက်ပြမှုသည်သာလျှင် အကောင်းဆုံးသော နည်းစနစ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်နေချိန် သို့တည်းမဟုတ် လူဖန်တီးသည့် ဘေးများဖြစ်ကြသော မီးလောင်ခြင်း၊ အဆောက်အအုံပြိုခြင်း၊ တံတားကျိုးခြင်း၊ လမ်းမျက်နှာပြင် အက်ကွဲခြင်း စသည်တို့ ဖြစ်ပေါ်သည့် အခါမျိုးၦသာလျှင် ကျွမ်းကျင်လူသားခေါ် ယာဉ်ထိန်းရဲကို အသုံးချကြရမည် ဖြစ်သည်။

ပြည်တွင်းဖြစ် ယာဉ်ထိန်းစနစ်၏ အကျိုးသက်ရောက်မှုများကို ယနေ့မျက်မှောက်ကာလ ခရီးသွား ပြည်သူလူထုက မျက်ဝါးထင်ထင် တွေ့မြင်ကြတွေ့ နေကြရသည်။ ရုံးတက်ရုံးဆင်းချိန်များတွင်သာမက ယာဉ်အသွားအလာ များပြားသည့်အခါမျိုးၦ၌ပါ မျက်နှာချင်းဆိုင် ယာဉ်လမ်းကြောင်းနှစ်ဖက်ကို မောင်းနှင်ခွင့်ပြုထားချိန်ၦ၌ ကန့်လန့်ဖြတ် ယာဉ်လမ်းကြောင်းနှစ်ဖက်ကို ယာဉ်ထိန်းရဲတို့ စိတ်တိုင်းကျ အချိန်ကြာမြင့်စွာ ပိတ်ထားခြင်းကြောင့် ပိတ်ဆို့ခံထားရသည့် ယာဉ်လမ်းကြောင်းနှစ်ဖက်တွင် ယာဉ်အစီးရေ ရာနှင့်ချီ၍ ရပ်တန့် စောင့်ဆိုင်းနေကြရသလို အဆိုပါ ယာဉ်လမ်းကြောင်းများပေါ်သို့ တက်ရောက်မောင်းနှင်ကြရမည့် လမ်းသွယ်အသီးသီးရှိ ယာဉ်အများအပြားတို့ကပါ အချိန်ကြာမြင့်စွာ ရပ်တန့်စောင့်ဆိုင်းနေကြရသည်။ ထိုစနစ်၏ အကျိုးသက်ရောက်မှုကြောင့် ပြည်သူတစ်ရပ်လုံးအဖို့ တစ်နေ့တာအတွင်း ပျမ်းမျှအားဖြင့် အချိန်တစ်နာရီခွဲမျှ လမ်းမများပေါ်ၦ သွားရင်းလာရင်း အချိန်ပိုကုန်နေကြရသည်။ အချိန်နှင့် လုပ်အားများ ဆုံးရှုံးနေရသည်။ မြို့ပြဖွံ့ဖြိုးမှုနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အစည်းများအလိုက် လုပ်ဆောင်နိုင်သည့် စွမ်းအားများကို လမ်းမများပေါ်ၦ ဖြုန်းတီးနေကြရသည်။

မီးပွိုင့်စနစ်နှင့် ယာဉ်ထိန်းရဲတို့ ချိန်ညှိလုပ်ဆောင်မှု

သာဓကအားဖြင့် တစ်ဖက်လျှင် ယာဉ်ကြောသုံးကြောစီ ရှိသော ခြောက်လမ်းသွားလမ်းမကြီးတစ်ခုၦ မီးပွိုင့်ဖြင့် နှစ်စက္ကန့်မျှပိတ်ထားလျှင် ပျမ်းမျှအားဖြင့် ယာဉ်သုံးစီးနှုန်း ပိတ်ဆို့ခံကြရသည်။ ထို့ကြောင့် အဆိုပါ နေရာမျိုးၦ မီးပွိုင့်ဖြင့် တစ်မိနစ်(စက္ကန့် ၆၀) ပိတ်ထားလျှင် ယာဉ်အစီးရေ ၉၀ ခန့် ပိတ်ဆို့တားဆီးခြင်းခံကြရသည်။ အကယ်၍ ငါးမိနစ်မျှ ပိတ်ဆို့ဟန့်တားထားခဲ့လျှင်မူ ယာဉ်အစီးရေ ၄၅၀ ခန့် ရပ်တန့်စောင့်ဆိုင်းနေကြရလိမ့်မည် ဖြစ်သည်။ ထိုမျှပမာဏရှိသော ယာဉ်တန်းကြီးမှာ မည်မျှရှည်လျားမည်ကို စိတ်ကူးဖြင့်ပင် မှန်းဆနိုင်ကြမည်ဖြစ်သည်။

အဆိုပါ ယာဉ်တန်းရှည်ကြီးကြောင့် လမ်းမကြီးများမှ လမ်းသွယ်များအတွင်းသို့ ချိုးကွေ့ဝင်ရောက် ကြရမည့် ယာဉ်များအဖို့ ဝင်ရောက်ခွင့်ရရှိကြမည် မဟုတ်သလို လမ်းသွယ်များအတွင်းမှ လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်ကြမည့် ယာဉ်များစွာတို့ကလည်း လမ်းသွယ်များအတွင်းမှာပင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရလိမ့်မည် ဖြစ်သည်။ ထိုအခါ ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပေါ်လာတော့မည် ဖြစ်သည်။ တစ်နေ့တာအတွင်း ထိုသို့သော အချိန်ကြာမြင့်စွာ ပိတ်ဆို့ဟန့်တားထားမှုကို အကြိမ်ပေါင်းများစွာ ပြုလုပ်လေ၊ ယာဉ်ကြော ပိတ်ဆို့မှုကလည်း အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လေ ဖြစ်သည်။

ထို့ကြောင့်ပင် သာမန်အချိန်များၦ မီးပွိုင့်ဖြင့် တားဆီးထားမှုကို တစ်ကြိမ်လျှင် တစ်မိနစ်(စက္ကန့် ၆၀) ထက် မကျော်လွန်စေရအောင် ရုံးတက်ရုံးဆင်းချိန်များၦ တစ်မိနစ်ခွဲ (စက္ကန့် ၉၀) ထက် မကျော်လွန်ရအောင် ချိန်ညှိ လုပ်ဆောင်ကြရမည်ဖြစ်ပြီး ယာဉ်ထိန်းရဲတို့က မီးပွိုင့်အလိုအလျောက် ထိန်းချုပ်နေမှုကို လုံးဝဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်သင့်ကြပေ။ သို့မှသာလျှင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်၊ တစ်ဦးချင်းတစ်ဖွဲ့ချင်း ကူးသန်းသွားလာမည့်စနစ်က မြန်ဆန်သွက်လက်ချောမွေ့လာလိမ့်မည် ဖြစ်ပေသည်။ ။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ဒေါ်တင့်တင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၁ ရက်က မုံရွာမြို့ သီရိမင်္ဂလာဘုံဘွားရိပ်သာတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်သန္တာထွေးက လက်ခံရယူခဲ့သည်။ အလှူရှင်များက တိုင်းဒေသကြီးအတွင်းရှိ မုံရွာဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၂သိန်းကိုလည်းကောင်း၊ ရွာထောင်ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ခြောက်သိန်း ခြောက်သောင်းကို လည်းကောင်း၊ စံတော်ဘိုးဘွားရိပ်သာအတွက် ငွေကျပ်သုံးသိန်း ခြောက်သောင်းကို လည်းကောင်း၊ မင်းပြည်သူ ဘိုးဘွားရိပ်သာအတွက် ငွေကျပ်လေးသိန်းကို လည်းကောင်း၊ သီရိမင်္ဂလာဘိုးဘွားရိပ်သာအတွက် ငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း အသက်အကြီးဆုံးအဘိုးနှင့်အဘွားအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲစီနှင့် စုစုပေါင်း ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာများအတွက် မတည်ငွေကျပ်နှစ်သိန်းနှင့် အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီဖြင့် အဘိုးအဘွား ၅၀ အတွက် စုစုပေါင်း ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော အပြည်ပြည် ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက်က တောင်ကြီးမြို့ အတုရမာရဓိန် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဖရဲငွေတောင်လမ်း နယ်မြေ(၁၂)၊ အိမ်အမှတ်(ဖတ/၁၉၃)နေ အဘိုးဦးကိုကိုကြီး အသက်(၁၂၅)နှစ်သည် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီမှ မြန်မာတစ်နိုင်ငံလုံးရှိအသက်အကြီးဆုံးအဘိုးအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရပြီး၊ အထူးဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပူဇော်ကန်တော့ခံခဲ့ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိရပ်ကွက် ၂၂ ရပ်ကွက်မှ အသက်(၈၇)နှစ်နှင့်အထက် အဘိုးအဘွား စုစုပေါင်း ၃၃၇ ဦးအနက် အဘိုးအဘွား ၁၀၈ ဦးကို ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူတို့က အဘိုးအဘွားများအား ပူဇော်ကန်တော့၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘိုးဘွားများအား ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ပေးစဉ်။

မြစ်ကြီးနားမြို့၌ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၂

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကချင်ပြည်နယ်အတွင်းရှိ မှူခင်းဖော်ထုတ်နိုင်မှု ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲချုပ်ထံမှ ပေးပို့သော (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်က ဖတ်ကြားသည်။ ပြည်နယ်အတွင်း မှူခင်းဖော်ထုတ်နိုင်မှုအတွက် အမှုထမ်းကောင်းလက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ အမှုအား စွမ်းစွမ်းတမံမှုခင်းဖော်ထုတ်နိုင်ခဲ့ကြသည့် မြစ်ကြီးနားခရိုင်နှင့် မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် ငါးဦး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်က ရာဇသတ်ကြီးပုဒ်မ ၃၀၀ အမှုအား စွမ်းစွမ်းတမံ မှူခင်းဖော်ထုတ်နိုင်ခဲ့ကြသည့် မြစ်ကြီးနားခရိုင် မှူခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် လေးဦး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုအား စွမ်းစွမ်းတမံ မှူခင်းဖော်ထုတ်နိုင်သည့် ပင်းဘောနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လုံတုံနယ်မြေရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင် ကိုးဦးတို့အား အသီးသီးဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

ကျေးလက်ဒေသ အခြေခံလျှပ်စစ် ကျွမ်းကျင်မှုရွှေ့လျားသင်တန်းဖွင့်

ပဲခူး အောက်တိုဘာ ၂

ပဲခူးမြို့နယ် ဘုရားကြီးမြို့ အမှတ်(၁) ရပ်ကွက် စက်မှုလယ်ယာသင်တန်းကျောင်း၌ ကျေးလက်ဒေသ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွှေ့လျားသင်တန်း အမှတ်စဉ်(၆/၂၀၁၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်ကဏ္ဍသည် အလွန်အရေးကြီးလျက်ရှိကြောင်း၊ လျှပ်စစ်လုပ်ငန်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပိုမိုအသုံးဝင်လာမည်ဖြစ်ပြီး လုပ်ငန်းခွင်သင်တန်း ကျွမ်းကျင်လာသည်နှင့်အမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ ဒုတိယအဆင့်(ပြင်ပ)ကို သက်ဆိုင်ရာ မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ထောက်ခံချက်ဖြင့် ဆက်လက်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ ယင်းလက်မှတ် ရရှိလာပါက အိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်း လုပ်ငန်းများကို ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ သင်တန်းသားများသည် သင်တန်းတက်ရောက်စဉ် ကာလအတွင်း စည်းကမ်းရှိစွာ အန္တရာယ်ကင်းကင်းဖြင့် အောင်မြင်စွာတတ်မြောက်နိုင်ရန် ကြိုးစားကြစေလိုကြောင်း၊ မိမိဒေသများသို့ ပြန်လည်ရောက်ရှိပါက လျှပ်စစ်နှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများ ပြန်လည်ဖြန့်ဝေပေးခြင်းဖြင့် လျှပ်စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တက်ရောက်လာကြသူများ သင်တန်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သင်တန်းဆိုင်ရာ သင်ထောက်ကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှု ခဲ့ကြသည်။

အဆိုပါ သင်တန်းသည် လျှပ်စစ်နှင့်ပတ်သက်၍ နေအိမ်၊ အဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းနိုင်မည့် မျိုးဆက်သစ် လျှပ်စစ်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ခရိုင်လေးခုမှ တစ်ခရိုင်လျှင် သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး အောက်တိုဘာ ၁ ရက်မှ ၂၅ရက်အထိ စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်ကျွမ်းကျင်သူများက လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

မော်တော်ယာဉ်ရပ်နားစခန်းသစ် ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

လွိုင်ကော် အောက်တိုဘာ ၂

ကယားပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစွာ သွားလာနိုင်စေရန်အတွက် မော်တော်ယာဉ်ရပ်နားစခန်းသစ်ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ နောက်ဆုံးပတ်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သစ္စာအောင်မြေကုမ္ပဏီမှ မော်တော်ယာဉ်ရပ်နားစခန်းဆောင်ရွက်မည့် လျာထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက မြေနေရာရရှိရေး၊ အစိုးရခွင့်ပြုချက်ရရှိရေး၊ မော်တော်ယာဉ်ရပ်နားစခန်း ရွှေ့ပြောင်းရန် ကိစ္စရပ်များကို တင်ပြသည်။ ထို့နောက်ပြည်နယ်ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက စက်မှုဇုန်လျာထားမြေနေရာ၌ ယာဉ်ရပ်နားစခန်းဆောင်ရွက်လိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် တာဝန်ရှိသူများက လိုအပ်သည်များ အကြံပြုဖြည့်စွက်ဆွေးနွေးသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သစ္စာအောင်မြေကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပြည်နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လွိုင်ကော်သား

ရွှေပြည်သာမြေကွက်များဝယ်ပါမည်

မြေတိုင်း(၈/၁၁ + ၁၂ + ၁၃ + ၁၄ + ၁၅ + ၁၆ + ၂၉+ ၃၀ + ၃၁/ဇ/၃၂ + ၃၆/န/၅၃+၅၄+၃၇+၃၈)

ဖုန်း-၀၉-၄၅၀၀၄၂၄၈၆၊ ၀၉-၇၉၉၇၁၈၈၄၈

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၀ဥပဒေအမိန့် (၅)၊ နည်းဥပဒေ ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် -၃၈၂

ဦးသက်ဇော်လင်း **နှင့်** ဦးလှကြိုင်
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ် ၇၆နေ တရားပြိုင် ဦးလှကြိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်ဇော်လင်းကရယူထားခဲ့သော ကြိုတင်ငွေများကို ပြန် လည်ပေးအပ်ပြီး အဆိုပါကြိုတင်ငွေများအတွက် ချုပ်ဆိုထားသော စာချုပ်များကို ပယ်ဖျက်ပေးစေလိုမှုဖြင့် ဤရုံးတော်၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ်ဖြစ်စေ၊အခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၉ခုနှစ် အောက်တိုဘာလ ၂၃ရက် (၁၃၈၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာ ရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြပအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ခုနှစ် အောက်တိုဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စိုးမိုး)
ဒုတိယခရိုင်တရားသူကြီး(၁၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊မြေကွက်အမှတ်(၂၆၈) မြေကွက်တည်နေရာအမှတ်(၂၆၈)၊ဗိုလ်ဇင်ယော်(၂)လမ်း၊(၃၀)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဦးလှဝင်းကြည်(CF-၀၈၇၁၄၁)အမည်ပေါက်၊နှစ်(၆၀)ဂရန် မြေအားဦးလှဝင်းကြည်ကွယ်လွန်သဖြင့်ဒေါ်မြင့်မြင့်သန်း(၁၂/ဥကတ(နိုင်)၁၀၅၀၁၆) မှဇနီးဖြစ်ကြောင်းနှင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကိုန်လွှာ၊ထောက်ခံကျမ်းကျိန် လွှာ၊ဦးလှဝင်းကြည်၏သေစာရင်း၊သန်းခေါင်စာရင်း၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ် တို့တင်ပြ၍ပိုင်ဆိုင်မြေပုံကူးလျှောက်ထားပါသည်။လျှောက်ထားမှုအားစိစစ်ရာဂရန် မူရင်းနှင့်မြေစာရင်းတွင်ဇရိယာကွဲလွဲနေပါသဖြင့်မြေတိုင်းမှကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၄၈'/၄၆'x၆၀')အသုံးပြုထားပြီးအုတ်ခြံစည်းရိုးကာရံထားကြောင်းစိစစ်တွေ့ရှိရပါသည်။သို့ပါ၍ရုံးတွင်းအမိန့်အမှတ်-၁၄၁၇/၂၀၁၉ဖြင့်ဂရန်မူရင်းတွင်ဇရိယာပြင်ဆင်မှတ်သားပြီးဖြစ်ပါသဖြင့်ဒေါ်မြင့်မြင့်သန်း၏ပိုင်ဆိုင်ကြောင်းမြေပုံကူးတင်ပြ၍လျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ငဖဲမြို့နယ်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးလှဖေ **နှင့်** ဒေါ်တင်တင်ခိုင်
တရားလို **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့၊ ကျောင်းတွင်းရပ်၊ ကျောင်းတွင်း ကွက်သစ်နေ (ဘ)ဦးကြည်၏ သမီးဖြစ်သူ ဒေါ်တင်တင်ခိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှဖေက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၁ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်သင်သိစေရမည်မှာ တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ယုယုအောင်)
မြို့နယ်တရားသူကြီး
ငဖဲမြို့နယ်တရားရုံး

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးစိန်၏သမီး နိုင်ငံသား ၁၂/ဒဂဆ(နိုင်)၀၁၁၈၀၂ ကိုင်ဆောင်သူ ဒေါ်သန်းသန်းငွေနှင့် ခင်ပွန်း ဦးမျိုးမြင့်ဦး (၁၂/ဥကတ (နိုင်) ၀၂၇၀၉၁) တို့အတူပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ - (၁) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၂၀)၊ အလျား(၄၀)ပေ၊ အနံ (၆၀) ပေရှိမြေကွက်၊ (၂) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉) ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၂၁)၊ အလျား (၄၀)ပေ၊ အနံ (၆၀) ပေရှိမြေကွက်၊ (၃) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၉) ရပ်ကွက်၊ အမှတ် (၂၉၅)၊ အလျား (၄၀)ပေ၊ အနံ (၆၀) ပေရှိမြေကွက်၊ (၄) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၉) ရပ်ကွက်၊ အမှတ် (၁၈၅)၊ အလျား (၄၀)ပေ၊ အနံ (၆၀) ပေရှိမြေကွက်၊ (၅) ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရွာ၀တ်လမ်းမကြီး (၆၀) ရပ်ကွက်၊ မြေကွက်အမှတ် (၁၅၉၇+၁၅၉၈) နှစ်ကွက်တွဲ၊ (၆) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄) ရပ်ကွက်၊ စီ-ဘလောက်၊ (၁၁) လမ်း၊ တိုက် (၃၈)၊ အခန်း (၂၀၄)၊ ယုဇနဥယျာဉ်မြို့တော်၊ (၇) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄) ရပ်ကွက်၊ စီ-ဘလောက်၊ (၁၅) လမ်း၊ တိုက် (၃၉)၊ အခန်း (၂၀၄)၊ ယုဇနဥယျာဉ်မြို့တော်၊ (၈) ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄) ရပ်ကွက်၊ ဘီ-ဘလောက်၊ ငုဝါလမ်း၊ တိုက် (၂၈)၊ အခန်း (၀၀၁)၊ ယုဇနဥယျာဉ်မြို့တော် - - -စသည့်ပစ္စည်းများကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းငွေ၏ သိရှိသဘောတူညီချက်မရှိဘဲ ဦးမျိုးမြင့်ဦး တစ်ဦးတည်းမှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့်အခြား နည်းလွှဲပြောင်းပိုင်ခွင့်မရှိသည့်အပြင် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြိုတင်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဇေမွန် (စဉ်-၃၅၇၃၀)
ဒေါ်အိအိအေး (စဉ်-၄၇၆၈၆)
ဒေါ်ပြည့်ပြည့်အောင် (စဉ်-၄၉၂၂၃)
အထက်တန်းရှေ့နေများ
အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၇၉၉၈၉၀၉၄၃ ၊ ၀၉ ၇၉၆ ၂၉၀၃၀၅ ၊ ၀၉ ၄၂၃၇၄၄၄၁၄

မသက်ဆိုင်တော့ပါကြောင်း

ပဲခူးမြို့၊ မော်ကန် ၂၂လမ်းနေ ကိုထက်ပိုင် ၇/ပခန(နိုင်)၃၁၅၀၃၂နှင့် ကျွန်မ မအေးမေတ္တာခင် ၇/ပခန(နိုင်)၃၃၃၉၅၀တို့သည် သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀ကို (လုံး၀)တာ၀န်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မအေးမေတ္တာခင်
၇/ပခန(နိုင်)၃၃၃၉၅၀

ကန့်ကွက်နိုင်ပါကြောင်း

ROYAL STAR နှင့် လင်းလက်ကြယ်အမည်ဖြင့် ဘရိတ်ဒါးဆူးကြိုးဖြန့်ချိ/တပ်ဆင်ရောင်းချခြင်းအား မှတ်ပုံတင်သွင်းလိုပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးထွန်းကျော်ဌေး
PGU-၃၂၄၂၆၀
အမှတ်(၆၃၈)၊မော်ကန် ၃လမ်း၊
လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက်အမှတ်(၅၅၇-က)၊ ပုမေမြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၀/၇ / ၂၂/ ၁၀/၇ / ၂၃ / ၁၀/၇ / ၂၄) မှ မြေချိန်ဧရိယာ (၀.၁၁၁မ၁၆၅)ဧကတို့အား မောလိပ်ရပ်အကွက်နေ ဦးကျော်ထွန်းလင်း၊ ဒေါ်မြကျော့ရီတို့မှ ၎င်းမြေ နေရာအား မြေငှားဂရန် ရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ စ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင် ကန့်ကွက်လွှာ လာရောက်တင်နိုင်ကြောင်း၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်တွေမြို့

ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အဘားကျေးရွာ အထက (ခွဲ) (အဘား) န၀မတန်းမှ မောင်ဝေသူအောင်နှင့် ဆဋ္ဌမတန်းမှ မောင်အောင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းနိုင် ၇/ဝမန(နိုင်)၁၀၇၈၃၄ ဖြစ်ပါကြောင်း။ **ဦးအေးမင်းနိုင်**

ပျောက်ဆုံးကြောင်း

ကျွန်မ မစိုးစိုး ၈/မလန(နိုင်)၁၃၀၁၃၉၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၅၄၁၇၀၃

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/4850၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ၂၉ ညောင်သုံးပင်တောင်ကွက်၊ ဦးပိုင်အမှတ် (၆၈/ခ/၇)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ(၀.၁၁၁မ၀၈၅)ဧကရှိ၊ ပိုင်ဆိုင်ခွင့်၊ မြေမျိုးနှင့် အတန်း(L) ဂရန်မြေကွက်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်အေးတင် ၁၂/ပဘတ(နိုင်)၀၂၂၅၂၇ (ဘ) ဦးကျော်ဝင်း၊ အမှတ်(၈၃/၈၅)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်နေ ထံမှ ကျွန်တော် ဦးစွန်ရီ ၁၂/ ဗတထ(နိုင်)၀၃၁၆၅၁ (ဘ) ဦးလီဝှာခင် အမှတ်(၁၇၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူသည် ၁၁စက်တင်ဘာ (၂၀၁၉)ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ကြောင်းကို ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးစွန်ရီ ၁၂/ ဗတထ(နိုင်) ၀၃၁၆၅၁ ဖုန်း-၀၉-၅၀၉၃၆၉၇၊ ၀၉-၂၆၄၈၈၄၈၄၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ အမှတ်(၁၂၃၉)၊ နတ်ရေကန်(၂)လမ်းနေ ကျွန်ုပ်၏ဇနီးဖြစ်သူ မနွယ်နီကျော်(ဘ) ဦးကျော်အေး၏သမီး ၁၄/ဟသတ(နိုင်)၀၄၈၁၁၆သည် ၁-၁၀-၂၀၁၉ရက်တွင် ကျွန်ုပ်မသိဘဲ နေအိမ်မှ တိတ်တဆိတ် ပျောက်သွားပါသဖြင့် လက်ခံထားသူကို တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်းနှင့် သတင်းပေးသူကို ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မနွယ်နီကျော်၏ခင်ပွန်း
ကိုမြတ်ထူး
ဖုန်း-၀၉-၄၅၀၈၂၂၂၁၇

MINGALAR CINEMAS

Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ / ရွှေဆောင်	မင်္ဂလာ(၁) / နေပြည်တော်	မင်္ဂလာ ဒဂုံစင်တာ(၂)	GoldClass 09 266660911 09 266660922 09 266660933	မင်္ဂလာစံပြ ၀၉ ၂၆၀၀၀၇၀၃၅ ၀၉ ၂၆၀၀၀၇၀၃၆ ၀၁ ၂၃၀၃၁၆၅	မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003
Top Royal / တောင်ဒဂုံ 09255333881 ,...2 , ...3	မင်္ဂလာဝဇီရာ / စိန်ဂေဟာ 09402177771, 09402177772 09402177773	မင်္ဂလာ (ဂမုန်းပွင့်)	ဝင်းလိုက် (မန္တလေး) / မြို့မ (မန္တလေး)	မင်္ဂလာဒိုင်းမွန်း (မန္တလေး)	Central Point (မန္တလေး) 09954086841 09954086842 09954086843	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော်
မင်္ဂလာထွန်းသီရိ (ပြည်)	မင်္ဂလာ ICON Mall(ပဲခူး)	NEW 3D Cinema တောင်ငူ	မင်္ဂလာစံပြ(မကွေး)	မင်္ဂလာ ရွှေဟသ်ာ (ပဲခူး)	မင်္ဂလာ ဘုရင့် (မော်လမြိုင်)	မင်္ဂလာ မြစန္ဒာ(မုံရွာ) / မင်္ဂလာ Ocean

စပွန်ဆာ
သမ္မတ၊သွင်၊ မင်္ဂလာ(၁)(၂)၊TopRoy၊စံပြ၊ဝဇီရာ၊ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊ GoldClass၊ တောင်ဒဂုံ၊
မန္တလေး -ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ မန်းနေပြည်တော်၊Central Point မကွေး - စံပြ
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D
ပဲခူး - icon၊ ရွှေဟသ်ာ မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ရွှေသွားနောက်လိုက်
ရွှေဆောင်၊ ဂမုန်းပွင့်၊တောင်ဒဂုံ၊

ဘာလာလာ
ရွှေဆောင်၊ ဂမုန်းပွင့်၊ဘုရင့်နောင်၊တောင်ဒဂုံ၊
ပြည် - ထွန်းသီရိ ပဲခူး - icon၊

RAMBO - နေပြည်တော်၊ တောင်ဒဂုံ၊

JOKER
နေပြည်တော်၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင့်နောင်၊GoldClass
မန္တလေး - မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည် - ထွန်းသီရိ ပဲခူး - icon၊ မုံရွာ - Ocean မော်လမြိုင် - ဘုရင့်

KAAPPAAN
နေပြည်တော်၊ GoldClass

WAR
ရွှေဆောင်၊ စံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥက္ကလာ၊ ဘုရင့်နောင်၊GoldClass ပဲခူး - icon၊
မန္တလေး - ဒိုင်းမွန်း၊ Central Point မုံရွာ - Ocean

ကြီးတို့မာယာ
စိန်ဂေဟာ၊ မ/ဥက္ကလာ၊ တောင်ဒဂုံ၊ မကွေး - စံပြ
မန္တလေး - မန်းနေပြည်တော်၊Central Point
တောင်ငူ - NEW 3D ပြည် - ထွန်းသီရိ

၃.၁၀.၂၀၁၉ နေ့မှ ပြမည့် ဇာတ်ကားသစ်များ

ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ

ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၀၈ နှစ်ပြည့်၊ ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၂၀) ကြိမ်မြောက် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ ရင်ပြင်တော်ပေါ်သို့ လှည့်လည် အပူဇော်ခံပွဲ ကျင်းပမည်



ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၀၈ နှစ်ပြည့် ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်ပွဲတော်နှင့် (၁၂၀)နှစ်ပြည့် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ၊ ရင်ပြင်တော်ပေါ် သို့ လှည့်လည်အပူဇော်ခံပွဲကို ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက် (၄-၁၁-၂၀၁၉)နေ့မှ လပြည့်ကျော် (၂)ရက် (၁၃-၁၁-၂၀၁၉)ရက်နေ့အထိ (၁၀)ရက်တိုင်တိုင် အစဉ်အလာမပျက် အေးချမ်းသာယာစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ပွဲတော် ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့် ဆိုင်ခန်းငွေများကို အောက်တိုဘာလ ၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အောက်တိုဘာလ ၂၅ ရက် နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များကို အောက်တိုဘာလ ၂၈ရက်နေ့မှစ၍ နေရာချထားပေးသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၃-၂၅၁၈၀၊၀၅၃-၂၅၀၃၅ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

ဂေါပကအဖွဲ့

တက္ကသိုလ်ဝင်တန်း ကျောင်းသား ၊ ကျောင်းသူများအတွက်

မြန်မာစာပါမောက္ခဒေါက်တာဦးသက်အုန်းမြင့်
(ဆက်ကျော်လင်း-မြန်မာစာ)
B.A, B.Ed, M.A, D.E, D.T.S.M, Ph.D

မြန်မာစာလမ်းညွှန် (သင်ရိုးကုန် - အဖြေစုံ)

၁။(ခ) သဒ္ဒါလက်တွေ့လေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုး (လေ့ကျင့်ဖြေဆိုပုံ)
၂။(ခ) စာလုံးပေါင်းသတ်ပုံအမှန် (ရွေးချယ်ခြင်း)
၂။(ဂ) အလင်္ကာများ အမှတ်ပြည့်ရရန် ဖြေဆိုနည်း (ပုံစံသစ်)
၆။(က) ၁၀မှတ်တန် စာစီစာကုံး ပုံကြမ်း(၅)ချက်နှင့်အညီ (ရေးသားနည်း)
၆။(ခ) အဆိုဆွေးနွေး (စာဟန်အရေးအသားဖြင့် ဆွေးနွေးတင်ပြခြင်း)

၂၀၂၀ ပြည့်နှစ် ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်
စစ်ဆေးမေးမြန်းမည့် မြန်မာစာဘာသာရပ်
မေးခွန်းပုံစံနှင့်အညီ ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်ဖြည့်စွက်
ရေးသားပြုစုထားသည်။



အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဖုန်း - ၀၁-၃၈၃ ၆၀၃ ၊ ၃၈၃ ၃၉၃ ၊ ၃၇၇ ၅၃၅ ၊ ၂၅၅ ၆၇၆

ဖြန့်ချိရေး - မာကျူရီစာပေ
အမှတ် (၂၄၁/၂၅၀) ၊ ၃၆ လမ်း(အထက်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။

အမည်မှန်

ဦးသန်းဝင်း၏သား ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အထက(ယုန်သလင်း) ဆဋ္ဌမတန်း စနစ်သစ်(C)မှ မောင်စန်းဝင်းဖြိုး၏ အမည်မှန်မှာ မောင်ဆန်းဝင်းဖြိုး ၁၄/ ဟသတ(နိုင်) ၃၈၂၄၇၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ မတင်ဇာထွေး၏ ဖခင်အမည်မှန်မှာ ဦးခင်ဆန်း ၁၄/သပန (နိုင်) ၀၆၄၉၃၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ဃ/၈၆၇၇၅ Yamaha 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလင်း ၈/ပခက(နိုင်)၁၈၇၃၆၉ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/9097 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ နေပြည်တော်ရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်(၁၃)လမ်း၊ အမှတ်(၇၀၅/ခ)ရှိမြေပေါ်တွင် ဆောက်လုပ်ထားသော ၁၈ပေ၊ ၅၅ပေ အလျှာ(လေးလျှာ)ရေမီးစုံတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုလာသူ ဦးမျိုးသန့် ၁၂/သဃက(နိုင်)၀၀၃၃၆၉ ထံမှ ကျွန်မ ဒေါ်သက်သက်ထွန်း ၁၂/ဗဟန(နိုင်)၀၉၃၀၃၄ ကဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်သက်သက်ထွန်း ၁၂/ဗဟန(နိုင်)၀၉၃၀၃၄
ဖုန်း-၀၉-၄၂၀၁၆၅၈၆၃
၀၉-၉၆၄၂၀၁၆၅၈

ချစ်လှစွာသောသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ အမှတ်(၁၇၄)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်၊ မူယာပင်နေ သားဖြစ်သူ မောင်ထက်မင်းရှိန် ၁၁/မတန(နိုင်) ၀၂၅၁၁၉ သည် မိဘ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးလှမျိုးရှိန်
ဒေါ်မင်းမင်းထွေး

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မဟူရာလမ်းနေ ဒေါ်လှမြိုင် ၁၂/ဗဟန(နိုင်)၀၆၈၅၉၃ ၏သမီး ဒေါ်ဥမ္မာဆွေ ၁၂/ဗဟန(နိုင်)၁၀၆၈၉၂ သည်မိခင်ကို စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ၁-၈-၂၀၁၉ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။(မေးမြန်းခြင်းသည်းခံပါ)

ဒေါ်လှမြိုင်

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ကုက္ကိုစုကျေးရွာ အထက(ခွဲ) အဋ္ဌမတန်းမှ မဇင်မာထွေး၏ ဖခင်အမည်မှန်မှာ ဦးဖြူမောင် ၈/ပမန(နိုင်) ၁၄၅၈၅၃ ဖြစ်ပါကြောင်း။

ဦးဖြူမောင်

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၆)အဋ္ဌမတန်းမှ မောင်သူရအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲကိုကိုလွင် ၇/ဒနန(နိုင်)၁၀၆၂၈၀ ဖြစ်ပါကြောင်း။

ဦးရဲကိုကိုလွင်

ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ်ကျေးရွာနေ မခိုင်ငြိမ်းဝေ(တက္ကသိုလ်ဝင်တန်းပြင်ပ)၏ ဖခင်အမည်မှန်မှာ ဦးထွန်းရွှေမောင် ၁၁/ပဏတ(နိုင်) ၀၃၀၈၆၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ကုက္ကိုစုကျေးရွာ အထက(ခွဲ) နဝမတန်းမှ မသက်မွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးမြို့ ၈/ပမန(နိုင်) ၁၅၉၆၃၆ ဖြစ်ပါကြောင်း။

ဦးမြို့

ဖခင်အမည်မှန်

